# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်းစသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 17 October 2025 ၁၁၉၇၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဂါရဝပြုတွေ့ဆုံစဉ်။




# တိုင်းပြည်တည်ငြိမ်အေးချမ်းစေရေး အားလုံးပါဝင်ဝိုင်းဝန်းကြိုးပမ်း

"တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး" ဟူသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်နှင့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်တို့ကို နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းစေရန် နိုင်ငံတော်အစိုးရက မဆုတ်မနစ်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် "ယနေ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိပါမှ ပြည်သူလူထုဟာ ကောင်းမွန်စွာ စီးပွားရှာနိုင်ပါမယ်။ လုံခြုံစွာနေထိုင်နိုင်ပါမယ်။ ခိုင်မာတိုးတက်တဲ့ စီးပွားရေးဘဝများကိုလည်း တည်ဆောက်နိုင်ပါမယ်။ ဒါကြောင့် ပြည်သူလူထုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးကို အရေးကြီးတဲ့လုပ်ငန်းတစ်ခုအဖြစ် ကျွန်တော်တို့အားလုံး မဆုတ်မနစ်ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စုနိုင်ငံကြီးအဖြစ် ခိုင်မာစွာတည်ဆောက်ထားနိုင်မည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံး ကောင်းစားရေးအတွက် အာမခံနိုင်သည့် နိုင်ငံထူထောင်နိုင်မည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကိုလိုနီလက်ထက်ကတည်းက တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့် ပရိယာယ်နှင့်သွေးခွဲခဲ့မှုများ၊ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးကာလ အချင်းချင်းဂိုဏ်းဂဏဝါဒကွဲပြားမှုများ၊ မျက်မှောက်ကာလတွင်လည်း စိတ်ဝမ်းကွဲပြားမှုများ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် "ဘူးလေးရာ ဖရုံဆင့်" ဆိုသလို တိုင်းပြည်နှင့်လူမျိုး ကောင်းစားရေး မျှော်မှန်းသလောက် မလုပ်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် တည်ငြိမ်အေးချမ်းမှုရှိကြပြီး တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်သည့်အလျောက် နိုင်ငံဖွံ့ဖြိုးတိုးတက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင် မတူကွဲပြားမှုများ၊ ယုံကြည်ချက်၊ ခံယူချက်ကွဲလွဲမှုများ ရှိမည်ဖြစ်သော်လည်း နောက်ဆုံးတွင် ပဋိပက္ခ၏ဆိုးကျိုးကိုနားလည်ခြင်း၊ တိုင်းပြည်နှင့် လူထုအကျိုးကို အထိအခိုက်မခံလိုခြင်းတို့ကြောင့် မတူကွဲပြားသူအချင်းချင်း တွဲလုပ်သည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို တည်ဆောက်ကြသည်။ နိုင်ငံများအနေဖြင့် ပဋိပက္ခများ ရှိတတ်သော်လည်း အခိုက်အတန့်မျှသာဖြစ်သည်။ ပဋိပက္ခကို အမြန်ဖြေရှင်းပြီး တိုင်းပြည်အကျိုးစီးပွားမထိခိုက်အောင် အလေးထားလုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံသည် ဘာသာတရားကိုအခြေခံသည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံသူနိုင်ငံသား အများစုမှာ မွန်မြတ်သောစိတ်ထားများထားရှိကြသည်။ နိုင်ငံတွင် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်သည့် ရေခံ၊ မြေခံ အခြေခံကောင်းများရှိပြီးဖြစ်သည်။ သို့သော် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ခိုင်မြဲစွာတည်ဆောက်နိုင်ခြင်းမရှိပေ။ လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် မကြာခဏပဋိပက္ခများ ချုပ်ငြိမ်းကာ အာဃာတကြီးမားမှုကြောင့် ပဋိပက္ခရှည်ကြာနေသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အကယ်၍သာ ပဋိပက္ခများချုပ်ငြိမ်းကာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိပါက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် ဒေသများသာမက ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်သည်။

ပြည်သူလူထုမှာ လူအများစုဖြစ်ပြီး ပဋိပက္ခဖန်တီးသူမှာ လူနည်းစုဖြစ်သည်။ ပြည်သူလူထုအကျိုးစီးပွားမထိခိုက်အောင် လူများစုအနေဖြင့် ညီညွတ်ကြရမည်ဖြစ်ပြီး လူနည်းစုကို တွန်းအားပေးနိုင်ရမည်ဖြစ်သည်။ လူနည်းစုအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့်၊ အထိခိုက်ခံရမှုများနေသည့် လူများစုမျက်နှာကို ထောက်ထားရမည်ဖြစ်သည်။ စာနာကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ လူနည်းစုက လူများစု ပြည်သူလူထုကို ထောက်ထားညှာတာသောကြောင့် ဖွံ့ဖြိုးတိုးတက်လာကြပြီး ပြည်သူများ အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြသည်ကို မြန်မာနိုင်ငံ၏အခြေအနေနှင့် နှိုင်းယှဉ်ပြီး သင်ခန်းစာယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ထိခိုက်ခံစားနေသည့်၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ပြည်သူလူထုကို စာနာထောက်ထားညှာတာသောအားဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပါဝင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

### တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| ( ၁ ) | ဦးထွန်းထွန်းအောင် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ( ၂ ) | ဒေါ်မာလာထွဋ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ( ၃ ) | ဦးသောင်းထွေး | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ နိုင်နိုင်လတ်<br>ဒုတိယပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## ၁၆ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၂၀၀ | ၃,၇၄၉ | ၃၀,၈၁၅,၆၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၇၉၃ | ၂,၇၀၁,၄၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂,၃၅၀ | ၂,၅၀၀ | ၆၄၃ | ၁,၆၀၇,၃၅၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၂၉၅ | ၈၀၆,၇၅၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၃,၀၇၈ | ၅,၇၂၀,၃၀၀ |
| AMATA | ၃,၄၀၀ | ၃,၄၀၀ | ၅ | ၁၇,၀၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၆၇၉ | ၂,၃၀၈,၆၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားကဏ္ဍတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Chu Cong Phung တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# (၁၃)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဂုဏ်ပြုညစာစားပွဲနှင့် ဒုတိယနေ့ အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသော (၁၃) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိရာ ယမန်နေ့ ညပိုင်းတွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။





**တက်ရောက်**

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အခြားသော အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Samdech Moha Borvor Thipadei Hun Manet နှင့် တွေ့ဆုံပြီး (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနေ့ အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Sofitel ဟိုတယ်တွင် ပြုလုပ်သည့် (၅) ကြိမ်မြောက် အာဆီယံ-တရုတ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဆက်လက် တက်ရောက်သည်။ အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော်နိုင်မှု အခြေအနေများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ရေးဆွဲ၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ဒေသတွင်း ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီး ကြုံတွေ့ခံစားရချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ ချက်ချင်းစေလွှတ်ပေးခဲ့မှု၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကူညီပေးခဲ့မှုများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် အာဆီယံဒေသဖြစ်စေရေး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် (၅) ကြိမ်မြောက် အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ် (Disaster Emergency Logistic System for ASEAN- DELSA)ထူထောင်ခြင်းအပါအဝင် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မန္တလေးငလျင်ကြီး တုံ့ပြန်ဆောင်ရွက်ရေးတွင် ဂျပန်နိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၄) ကြိမ်မြောက် အာဆီယံ-ကိုရီးယား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၆ ခုနှစ်တွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံသို့ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နောင်လာမည့် အစိုးရအတွက် ကြိုတင်ပြင်ဆင်၍ ရအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားလိုကြောင်း။

အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ အလားတူ နိုင်ငံတော်လုံခြုံအောင် ဆောင်ရွက်ပေးရန်တာဝန်ရှိကြောင်း၊ နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရိုသေ ရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ ခိုင်မာသည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာဖြင့် ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးကြီးဆုံးအချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်စေရေး လိုအပ်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့်အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူ တောင်သူများ ကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းဆီ ဖူလုံမှုရှိစေရေး နေကြာစိုက်ဧကများတိုးချဲ့ခြင်းနှင့် ကော်ဖီများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ဧကများတိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီ လိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှမ်းနှင့် မြေပဲစိုက်ပျိုးမှုများ ရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီ ဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီ ဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှ ဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း ယခင်ကတည်းက ကော်ဖီစိုက်ပျိုးခြင်း လုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝမစိုက်ပျိုးခြင်းနှင့် အခြားနည်းများဖြင့် သုံးစွဲခြင်းများပြုလုပ်ခြင်းကြောင့် ထိုက်သင့်သလောက် အောင်မြင်မှုများမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးမြေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ခွင့်ပြုပေးထားပြီး အပြည့်အဝ စိုက်ပျိုးကြရန်လိုကြောင်း။

စက်မှုသီးနှံနှင့်ပတ်သက်၍ ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိကြောင်း၊ ဝါသည် ရာသီသီးနှံဖြစ်ပြီး ကြံသည် နှစ်တိုသီးနှံဖြစ်ကြောင်း၊ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့သော သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်ကြောင်း၊ ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်း ဝါစိုက်ဧက ၅ သိန်းခန့်ရှိကြောင်း၊ လက်ရှိစိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများ လုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အသားငါးများ ဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဒေသတွင်နေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့်တိုးမြှင့် မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ လူဦးရေ ၇ သန်းရှိပြီး လူဦးရေ တစ်ဝက် ၃ သန်းခွဲတွင် တစ်ရက်လျှင် ကြက်ဥတစ်လုံးစားပါက ကြက်ဥအလုံးရေ ၃ သန်းခွဲလိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဥ ၃ သန်းခွဲရရှိရန်အတွက် ကြက်အကောင်ရေ ၄ သန်းခန့် မွေးမြူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့်တိုးမြှင့် စီမံချက်ချ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စားသောက်ရေးအတွက်လိုအပ်သည့် ဥနှင့် အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသားငါးများ၏ ဈေးနှုန်းများလည်း အထိုက်အလျောက် သင့်တင့်မျှတလာမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ★

★ စာမျက်နှာ ၄ မှ

ဝါ၊ ကိုကိုး၊ ကော်ဖီ ၊ သရက်၊ ရော်ဘာ၊ သီဟိုဠ်စသည့် စက်မှုကုန်ကြမ်းသီးနှံအပင်များ စိုက်ပျိုးခြင်းကိုလည်း ရေရှည်အတွက် အောင်မြင်အောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များ ရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်း သုံးစွဲရန်လိုကြောင်း၊ ဘတ်ဂျက်များ သုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့် ရန်ပုံငွေများမှ သုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြု ဓာတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာကောင်းမွန်စေရေး အတန်းပညာများ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မပြည့်စုံသေးသည့် ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံများအတွက် လိုအပ်သည့် ဥပဓိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**★ မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာကောင်းမွန်စေရေး အတန်းပညာများ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်**

**★ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မပြည့်စုံသေးသည့် ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံများအတွက်လိုအပ်သည့် ဥပဓိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်**

လမ်းပန်းဆက်သွယ်မှုနှင့်ပတ်သက်၍ လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းများအားလုံး လမ်းဘေးဝဲ/ယာတွင် အရိပ်အာဝါသများ ကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လိုကြောင်း၊ အလားတူ လမ်းများကောင်းမွန်ချောမွေ့နေစေရေးနှင့် တံတားအတက်အဆင်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတိုးတက်စေရန်၊ စီးပွားရေးအရတိုးတက်စေရန် ရရှိနေသည့်ကာလအတွင်း ရသမျှ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စပါးစိုက်ပျိုးဧကများနှင့် အထွက်နှုန်း မှန်ကန်မှုရှိစေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်က သွင်းအားစုများအပါအဝင် အခြားထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲရုံများ လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုအခြေအနေ၊ မူဝါဒများနှင့်အညီ စီမံကိန်းများ ရာခိုင်နှုန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ဖယ်ရှားရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု အခြေအနေများ၊ တရားမဝင် အကောက်အခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေ၊ တရားမဝင် အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လာမှုနှင့် တားဆီးကာကွယ်ရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မဲဆွယ်ကာလနှင့် ရွေးကောက်ပွဲကျင်းပမည့် အပိုင်းများအလိုက် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေး အထူးအလေးထားဆောင်ရွက်ရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏အမှားကို သင်ခန်းစာယူ၍ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုနှင့် ကဏ္ဍစုံအမှားအယွင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအလိုက် / ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် မဲစာရင်းမှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းများ ရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းများမှန်ကန်မှုရှိ စေရေးသည် အရေးကြီးကြောင်း၊ မဲရုံတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ရှိသူများ ဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့် သူများဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းစေကြောင်း၊ မိမိတို့ဒေသအလိုက် ရာသီဥတု မြေအနေထားနှင့် ကိုက်ညီသည့် မှိုစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်သီး စသည့် သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသွားကြရန်လိုကြောင်း။

သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက် လိုအပ်သည့် သစ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့် ပြုပေးမည်ဖြစ်ကြောင်း၊ တရားမဝင် ခုတ်ယူမှုများ မရှိစေရေးအတွက်လည်း စနစ်တကျထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် " နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့" ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားပြီး ဆောင်ပုဒ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် အောက်တိုဘာ ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း ကျောက်လမ်း ၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း သုံးမိုင်၊ Box Culvert လေးစင်း၊ စက်ရေတွင်း (တွင်းနက်) တစ်တွင်း၊ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ခုနစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက် သံဖြူဇရပ်မြို့နယ်အတွင်း ဝဲဝင်ကရာ-ဝယ်ဘိုးတောင်-ဖဲပဒေါ်-ဝဲကတာလမ်း ၃ မိုင် ၅ ဖာလုံအနက် တစ်မိုင်ကတ္တရာခင်းခြင်းနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေကျပ် ၃၆၂ ဒသမ ၆၇၈ သန်းဖြင့်သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးသွားပါက မော်လမြိုင်ခရိုင်အတွင်း ဝဲဝင်ကရာ၊ ဝယ်ဘိုးတောင်၊ ဖဲပဒေါ်၊ ဝဲကတာကျေးရွာများရှိအိမ်ထောင်စု ၅၀၄ စု၊ လူဦးရေ ၂၈၁၉ ဦး တို့အတွက် အကျိုးပြုပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့ မွန်းလွဲ ၁ နာရီ ၂၇ မိနစ် ၅၉ စက္ကန့်တွင် ကသာမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဗန်းမောက် မြို့၏ အနောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄.၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅.၆၅ ဒီဂရီ၊ အနက် ၁၅၉ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄.၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ပခုက္ကူမြို့၌ Grade-12 ကျောင်းသား ကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ်ဘာသာရပ်များအကြောင်း မိတ်ဆက်ရှင်းလင်း

**ပခုက္ကူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ Grade-12 ကျောင်းသား ကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ် ဘာသာရပ်များ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၈ နာရီက ပခုက္ကူမြို့ အမှတ်(၁)နှင့်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဆင့်မြင့်တက္ကသိုလ် ဘာသာရပ်များ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး ပခုက္ကူတက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် ဌာန ၁၆ ခုမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများက တက္ကသိုလ်အဆင့်တွင် ဘာသာရပ်များအလိုက် သင်ကြား၊ သင်ယူမှုပုံစံများ၊ ဘာသာရပ်တစ်ခုချင်း၏ အားသာချက်များ၊ သင်ယူတတ်မြောက်ခြင်းကြောင့်ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်အကျိုးကျေးဇူးများ အကြောင်းတို့ကို အသိပညာပေးမိတ်ဆက် ရှင်းလင်းကြသည်။

အဆိုပါပွဲတွင် ပခုက္ကူမြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်း၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တာဝန်ခံကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ Grade-12 ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# "ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အစီအစဉ်အဖြစ် **"ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း"** အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာမှဆွေးနွေးကြမည့် ပြည်ပပညာရှင်များ၊ လေ့လာသူများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် "ပဋိပက္ခဖျန်ဖြေရေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲများ၌ လူထုပါဝင်ရေး စည်းရုံးရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း အစီအစဉ် ဆောင်ရွက်ရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များက "ရွေးကောက်ပွဲ၊ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲအလွန်ရှေ့လုပ်ငန်းစဉ်များ"၊ "ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အရပ်သားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး အကျိုးဆောင်များ၏ အခန်းကဏ္ဍ"၊ "လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တတိယအုပ်စုမှ ကြားဝင်စေ့စပ်ပေးခြင်းနှင့် အကျိုးဆောင်ခြင်း" တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများ အပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင်ဆွေးနွေးကြသော ပညာရှင်များအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲတက်ရောက် လာသူများသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က "ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် လက်နက်ကိုင်မဟုတ်သည့် လူမှုအသိုက်အဝန်းများ၊ အရပ်ဘက် တိုင်းရင်းသား ခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့်အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း"၊ "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ် တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိပကတိ အခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း" တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)က "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရာ၌ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော်ထုတ်ခြင်း"၊ "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း" တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြရာ သဘာပတိများက အမှာစကားများ ပြောကြားကြပြီး ဦးဆောင် ဆွေးနွေးသူများက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ် တည်ဆောက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်၍ စီးပွားရေး အခန်းကဏ္ဍမြှင့်တင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နိုင်ငံ၏ လက်ရှိ ပကတိအခြေအနေနှင့် လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်း အသေးစိတ်ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင်ဆွေးနွေးကြသော ပညာရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



"ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ၌ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ဆွေးနွေးကြစဉ်။


# တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ကျပ် ၂၀၀ တန် ရှစ်လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးများအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ကျပ် ၂၀၀ တန် ရှစ်လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် အောက်တိုဘာ ၂၀ ရက် (တနင်္လာနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး (Non-aligned Movement- NAM) တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံ ချစ်ကြည်ရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး H.E.Abbas Araghchi တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၅ ရက်တွင် မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maria Manuela Lucas၊ အီရန်နိုင်ငံခြားရေးဝန်ကြီး H.E.Abbas Araghchi၊ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maxim RYZHENKOV၊ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodríguez Parrilla၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် H.E.Md. Touhid Hossain နှင့် အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E. Mrs. Monica Robelo Raffone တို့နှင့်လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ယူဂန်ဒါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများတွင် ရိုးရင်းစွဲ သံတမန်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရေး၊ နှစ်နိုင်ငံအဆင့် နိုင်ငံရေးရာဆွေးနွေးမှုများ ပြုလုပ်သွားရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တို့ကို အလေးထားဆွေးနွေးခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပိုမိုထိတွေ့ညှိနှိုင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာ-ယူဂန်ဒါနှင့် မြန်မာ-မိုဇမ်ဘစ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ရေး အလားအလာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် ၂၀၁၆-၂၀၁၇ ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံဘက်က ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာဘက်က ဆောင်ရွက်နေမှုများကို အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အာဖရိကရှိ နိုင်ငံ ၂၁ နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။




ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်က မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွင်း ၁၉၉၃ ခုနှစ်မှ စတင်လက်မှတ်ရေးထိုးခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများကို တိုက်ဖျက်ရာတွင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အလွန်အရေးပါသော ယန္တရားတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မဲခေါင်မြစ်ဝှမ်း ဒေသအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မူးယစ်ဆေးစွဲ ကုသမှုပေးရေး၊ ကြိုတင်ကာကွယ်အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပူးတွဲစစ်ဆင်ရေးများကို အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိနေပါကြောင်း၊ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ် သယ်ဆောင် ရောင်းဝယ်မှုများသည် မဲခေါင်ဒေသတွင်း နိုင်ငံများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ် ဖြစ်လာပါကြောင်း၊ Happy Water ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးပေါင်း အကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်၊ အကောက်ခွန်တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်း ရယူဖော်ထုတ်ဖမ်းဆီးရေး စီမံချက်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုအပေါ် အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ထုတ်လုပ်သည့်ပုံစံများတွင် နည်းလမ်းအမျိုးမျိုးနှင့် ပုံစံအသစ်များအသုံးပြုလာမှုကြောင့် စုံစမ်းဖော်ထုတ်နိုင်ရန် အခက်အခဲများလည်း ရှိနေပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဒေသပြင်ပမှ ဓာတုဗေဒပညာရှင်များသည် ဥပဒေအရထိန်းချုပ်ထားသော ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်း မရှိသော ဓာတုပစ္စည်းများကို အစားထိုးအသုံးပြုလာကြပြီး မူးယစ်ဆေးဝါးချက်သည့် နေရာများသို့ ဝင်ရောက်နေသည့် အတွက် အဆိုပါ ဓာတုပညာရှင်များကို ထိန်းချုပ်တားဆီးနိုင်ရေး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပို့စေလိုပါကြောင်းနှင့် တရားခံများဖမ်းဆီးရမိရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဘေးကင်းလုံခြုံသော မဲခေါင်ပူးတွဲစစ်ဆင်ရေးကို ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဒေသတွင်းနိုင်ငံများနှင့် အထူးစစ်ဆင်ရေးများတွင် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ် ၄၃ ဦးတို့ တက်ရောက်၍ ဒေသခွဲ လုပ်ငန်းစီမံချက် ၁၂ ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ MoU ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခြင်း၊ (၆၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင်အစည်းအဝေး၏ရလဒ်တို့အား ဆွေးနွေးခြင်း၊ မဲခေါင် MoU လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ တင်ပြခြင်း၊ ဒေသခွဲ လုပ်ငန်းစီမံချက် ၁၃ ကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုခြင်းနှင့် ကတိကဝတ်ပြုခြင်းတို့အား ဆွေးနွေးခဲ့ကြောင်းနှင့် မဲခေါင် MoU အစည်းအဝေးကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျေးသီးမြို့၌ ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများထိုးနှံ

**ကျေးသီး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် ကျောင်းအခြေပြု အသက်ငါးနှစ်မှ ခုနစ်နှစ် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေး(DT)နှင့် အသက်ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ကျေးသီး အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

**အသိပညာပေး**

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်မြတ်ဗိုလ်သူက ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT)နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးရခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၄၆ ဦးအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်၊ ၁၀ နှစ်အရွယ် ကျောင်းသူ ၅၃ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လုပ်ငန်းဆောင်ရွက်မှုများစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများ အချိန်မီထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြောကြား

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစာရင်း၊ လိုက်နာဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို စစ်ဆေးရာတွင် စစ်ဆေးရေးစီမံချက်နှင့်အညီ စစ်ဆေး၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများ အချိန်မီထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း ယနေ့နံနက်ပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြောကြားသည်။



ဆက်လက်၍ IT Audit တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များတွင် ရုံးချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်တွေ့နှင့် ပေါင်းစပ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ အချိန်မီထုတ်ပြန်ရန်၊ အရေးကြီး စစ်ဆေးတွေ့ရှိချက်များ၊ ချက်ချင်းအရေးယူဆောင်ရွက်ရန်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊ သတင်းအချက်အလက်လုံခြုံမှုရှိစေရေး ဂရုပြုကြရန်၊ ကျင့်ဝတ်သိက္ခာလိုက်နာပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်စာရင်းစစ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးများမှ ညွှန်ကြားရေးမှူးများက စစ်ဆေးခြင်းဆိုင်ရာ ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာများ၊ တွေ့ကြုံရသည့်အခက်အခဲ၊ ဖြေရှင်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး(၁၃)ရုံး၊ နေပြည်တော်စာရင်းစစ်ရုံးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများက နဝရတ်ခန်းမ၌လည်းကောင်း၊ ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုက်မရောမြို့နယ်၌ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ ကျောင်းအဆင့် ဆုပေးပွဲကျင်းပ

ကျိုက်မရော အောက်တိုဘာ ၁၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ ကျောင်းအဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ရှမ်းရွာကြီးကျေးရွာ မြစိမ်းတောင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဗဟိုဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဒုတိယဥက္ကဋ္ဌ ဦးကြည်သိန်း၊ ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးအောင်မိုးတို့က သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ နှုတ်ဖြေပြိုင်ပွဲ ကျောင်းအဆင့် ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ အဆိုပါပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၆ ဦးတို့ လာရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများနှင့် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**

## ကလိန်အောင်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ကလိန်အောင် အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကလိန်အောင်မြို့ သစ်တောဦးစီးဌာနမှ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် ကလိန်အောင်မြို့ သစ်တောဦးစီးဌာနမှ တာဝန်ခံတောအုပ် ဦးထက်လင်းဦးက မီးခိုး/ မြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ ရေချိုများ ချွေတာသုံးစွဲရေး၊ ရေအရင်းအမြစ်များ ဝိုင်းဝန်းထိန်းသိမ်းခြင်း ဆိုင်ရာများ၊ သစ်တောများမှပေးသော အကျိုးကျေးဇူးများ၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုး၊ ပြုစုခြင်းနည်း စနစ်များအား ဟောပြောခဲ့ပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်လှဲ့**

## ကွမ်းခြံကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု



**ကွမ်းခြံကုန်း အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စု ကမာကလွန်းကျေးရွာ၌ အောက်တိုဘာ ၁၅ ရက်က ကမာကလွန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမလီမိတက်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကွင်းဆင်းကြည့်ရှုရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်၊ ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သမဝါယမအသင်းသားများ စိုက်ပျိုးထားသော ရက် ၉၀ စပါးစိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ အောင်နိုင်တိုးမိုးစပါး ရိတ်သိမ်းပွဲပြုလုပ်

**ဝါးခယ်မ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်း ဒေသကြီး ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာအုပ်စု တောကြီးကျေးရွာနှင့် ရေလိန်ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာတို့တွင် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာ၊ ပေါင်ပျိုးလက်စိုက်စနစ်ဖြင့် စိုက်ပျိုးထားသော အောင်နိုင်တိုး မိုးစပါး ရိတ်သိမ်းပွဲကို ယမန်နေ့က ပြုလုပ်သည်။



မိုးစပါး ရိတ်သိမ်းပွဲသို့ မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အူကျွန်းကျေးရွာအုပ်စု တောင်သူ ဦးကျော်ရွှေ၏ လယ်မြေ၌ ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာတို့ဖြင့် စိုက်ပျိုးခဲ့သည့် အောင်နိုင်တိုး စပါးရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၃၃ ဒသမ ၈၀ တင်း၊ ရေလိန်ကျေးရွာအုပ်စု တောင်သူ ဦးဝင်းမောင်၏ ပေါင်ပျိုးလက်စိုက်စနစ်ဖြင့် စိုက်ပျိုးခဲ့သည့် အောင်နိုင်တိုး စပါးရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၄၄ ဒသမ ၉၃ တင်း ထွက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

❖



အောက်တိုဘာ ၁၃ ရက်က အလုံမြို့နယ်မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးဌေးကြွယ်က အဖွင့်အမှာစကားပြောကြားစဉ်။ (သင်တန်း၌ သင်တန်းသား ၅၀ တက်ရောက်ပြီး မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။) သျှင်ဝင်းသျှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၇၂ ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

– ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄–က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

– ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄–ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄–ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀–၁၀–၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄–ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇–၁၀–၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
(၁) ၀၆၇–၃၄၀၄၃၀၂ (၂) ၀၆၇–၃၄၀၄၃၀၃
(၃) ၀၆၇–၃၄၀၄၃၀၄ (၄) ၀၉–၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၁၇၉၆၇ (၂) ၀၆၇–၄၁၇၉၆၃
(၃) ၀၆၇–၈၈၁၇၅၀၂၅၆ (၄) ၀၉–၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
(၁) ၀၁–၃၃၃၁၆၃၅
(၂) ၀၉–၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
(၁) ၀၉–၈၈၁၄၄၆၆၈၆
(၂) ၀၉–၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
(၁) ၀၅၈–၂၁၁၇၅
(၂) ၀၅၈–၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
(၁) ၀၁–၃၃၃၆၆၁၁
(၂) ၀၁–၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁–၂၀၃၂၀၉၅
(၂) ၀၇၁–၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉–၂၀၂၁၂၁၁
(၂) ၀၅၉–၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂– ၂၂၂၁၂၆၈
(၂) ၀၅၂– ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၈၉
(၂) ၀၆၃–၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉–၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂–၄၀၆၉၀၄၂
(၂) ၀၂–၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉–၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
(၁) ၀၅၇–၂၀၂၇၂၅၆
(၂) ၀၅၇–၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
(၁) ၀၉–၄၂၁၇၄၂၄၂၈
(၂) ၀၉–၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁–၂၅၀၆၂၉၃
(၂) ၀၁–၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
(၁) ၀၈၁–၂၁၂၄၉၉၅
(၂) ၀၈၁–၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂–၂၄၆၁၆
(၂) ၀၄၂–၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်
၀၉–၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်



နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်မိသားစုဝင် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့တွင် စစ်တွေတပ်နယ်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၅၄၃ ဦးအတွက် ကျောင်းဝတ်စုံ ၅၄၃ စုံနှင့် စာရေးကိရိယာများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ တက္ကသိုလ်ဝင်လမ်းညွှန်ဘာသာရပ်များ မိတ်ဆက်

ထန်းတပင် အောက်တိုဘာ ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရန်ကုန် တိုင်းဒေသကြီး မှော်ဘီခရိုင်၊ တိုက်ကြီးခရိုင်နှင့် လှည်းကူးခရိုင်တို့ရှိ Grade-12 ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်လမ်းညွှန် ဘာသာရပ်များ မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ်ဒေါက်တာသုနန္ဒာက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဘာသာရပ်များကို မိတ်ဆက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ တက္ကသိုလ်ဝင်လမ်းညွှန် ဘာသာရပ်များကို မိတ်ဆက် ရှင်းလင်းခဲ့ကြပြီး မှော်ဘီခရိုင်၊ တိုက်ကြီးခရိုင်နှင့် လှည်းကူးခရိုင်တို့မှ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် Grade-12 ကျောင်းသားကျောင်းသူများက ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ရှိ ဘာသာရပ်ဆိုင်ရာ ဌာနများသို့ သွားရောက် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

■

## ဒဂုံတက္ကသိုလ်၌ Grade-12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်း Grade-12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်များရှိဘာသာရပ်ဆိုင်ရာမိတ်ဆက်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဆက်လက်၍ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ပညာရေးတက္ကသိုလ်ဘာသာရပ်များကို မိတ်ဆက်ပြောကြားပြီး ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တို့ရှိ ဘာသာရပ်များကို သက်ဆိုင်ရာပါမောက္ခ/ဌာနမှူးများက မိတ်ဆက်ပြောကြားသည်။

ထို့နောက် ဘာသာရပ်များ မိတ်ဆက်ပေးသောတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများအား ဒဂုံမြို့သစ်ခရိုင်ပညာရေးမှူး ဦးငွေသူရက ဂါရဝလက်ဆောင်ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒဂုံမြို့သစ်ခရိုင်၊ သဃ်န်းကျွန်းခရိုင်နှင့် ဗိုလ်တထောင်ခရိုင်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့်ပုဂ္ဂလိကအထက်တန်းကျောင်းများမှ Grade - 12 ကျောင်းသား ကျောင်းသူ ၁၅၀၀ ခန့်တက်ရောက်ပြီး ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ Table Show များနှင့် ပိုစတာများကိုစိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခွဲမင်းထက်



## ပန်းတောင်းမြို့နယ်အတွင်းရှိ အောင်နိုင်တိုးမိုးစပါးရိတ်သိမ်းမှု အခြေအနေအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ပန်းတောင်း အောက်တိုဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော သမဝါယမအသင်းသားတောင်သူ ဦးအေးနိုင်၏ မိုးစပါးသီးနှံ အောင်နိုင်တိုးမျိုးမိုးစပါးရိတ်သိမ်းမှုအခြေအနေအား ပန်းတောင်းမြို့နယ်သမဝါယမဦးစီးဌာနမှဝန်ထမ်းများ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဦးစီးဌာနမှတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတောင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်ထားသည့် သမဝါယမအသင်းငါးသင်း အသင်းသားတောင်သူ ၈၈ ဦး၏ မိုးစပါးသီးနှံ စိုက်ပျိုးဧက ၁၀၀၀ အနက် ကျောက်ဖူးအုပ်စု ကျောက်ဖူးကျေးရွာရှိ ရွှေကျောက်ဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ တောင်သူ ဦးအေးနိုင်၏ အောင်နိုင်တိုး(YSR – 1) စပါးမျိုး ခုနစ်ဧက ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်း အထွက်နှုန်း ၁၂၇ တင်း ထွက်ရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက အခြားလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဆင-ဆုံကုန်း-ထန်းပင်ကန်လမ်းကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

အင်္ဂပူ အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း ကွန်ကရစ်ခင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၄ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှအင်ဂျင်နီယာချုပ်(မြို့ပြ)ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### လမ်းညွှန်မှာကြား

ဆက်လက်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ပဆင-ဆုံကုန်း- ထန်းပင်ကန်လမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါလမ်းပြီးစီးပါက ကျေးရွာငါးရွာ၊ အိမ်ခြေ ၂၆၅ အိမ်၊ လူဦးရေ ၁၀၆၂ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ငြိမ်းချမ်းမှုမရှိရင် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ ခံစားရတယ်၊ ဘယ်လို အခက်အခဲတွေ ရင်ဆိုင်ရတယ်၊ ဘယ်လိုတွေ ဖြတ်သန်းနေရတယ်ဆိုတာတွေကို ပြည်သူတွေ အသိဆုံးပဲဖြစ်ပါတယ်

ဒေါက်တာ ခင်မောင်ဦး

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၁) ၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ တက်ရောက်လာသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် -

**ဒေါက်တာ ခင်မောင်ဦး**
**ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ဒီနေ့ဒုတိယနေ့ ဆွေးနွေးပွဲမှာ နိုင်ငံတကာ ပညာရှင်တွေ၊ သံအမတ်ကြီးတွေ၊ အိန္ဒိယနိုင်ငံက ပညာရှင်တွေ၊ မလေးရှားနိုင်ငံက ပညာရှင်တွေ တက်ရောက်လာကြတယ်။ ပြီးတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး NCAအကောင်အထည်ဖော်မှုကို နောင်လာမယ့် ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့်ဟာတွေကို Roadmap ပုံစံမျိုး ဒီနေ့ဆွေးနွေးပွဲမှာဆွေးနွေးသွားကြပါတယ်။ နောင်ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ငြိမ်းချမ်းသာယာပြီး အားလုံးပြည့်ပြည့်စုံစုံနဲ့ ဖွံ့ဖြိုးတိုးတက်မယ့်လမ်းကြောင်း တစ်ခုအပေါ် တွန်းတင်ပေးလိုက်တဲ့ ဆွေးနွေးပွဲတစ်ခုလို့ မြင်မိပါတယ်။

အများကြီး အထောက်အကူပြုနိုင်မှာပါ။ ငြိမ်းချမ်းမှုမရှိရင် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ ခံစားရတယ်၊ ဘယ်လိုအခက်အခဲတွေရင်ဆိုင်ရတယ်၊ ဘယ်လိုတွေ ဖြတ်သန်းနေရတယ် ဆိုတာတွေကို ပြည်သူတွေ အသိဆုံးပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက မနေ့က အခမ်းအနားမှာ သူ့ရင်ထဲကလာတဲ့ ပြည်သူတွေအတွက် စိတ်စေတနာကို ပြောကြားထားပါတယ်။ ပြည်သူတွေအတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ချင်တယ်၊ ငြိမ်းချမ်းချင်တယ်၊ နိုင်ငံတကာမှာ မျက်နှာပန်းလှချင်လို့ နိုင်ငံတော်အကြီးအကဲအနေနဲ့ ကြိုးစားဆောင်ရွက် ပေးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖို့ ကြိုးစားနေပါတယ်။

**H.E. Mr. Shri Abhay Thakur**
**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး**

NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့အချိန်အခါဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်း ကာလအတွက် ဒီအချိန်က အင်မတန် အရေးကြီးပါတယ်။ ဒီလိုအခမ်းအနားမှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်ဝမ်းသာပါတယ်။ သမိုင်းတွင်မယ့် ဖြစ်စဉ်တစ်ခုလို့လည်း ယုံကြည်ပါတယ်။ NCAကို ငြိမ်းချမ်းစွာ အပြည့်အဝအကောင်အထည် ဖော်ဖို့ဆိုရင် နိုင်ငံအတွင်းက ပါတီအဖွဲ့အစည်းတွေအပေါ်မှာ မူတည်တယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို စောင့်ကြည့် အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့အတူ ကျွန်တော်တို့ အတူတကွ လာရောက်ပြီးတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အဖြေရှာကြတာ ဖြစ်ပါတယ်။



ဒေါက်တာ ခင်မောင်ဦး



H.E. Mr. Shri Abhay Thakur



ဒေါက်တာ ဇော်ဦး



ဒေါက်တာ အောင်မြတ်ဦး



ဦးခေါ်တိန့်



ဒေါ်စန္ဒာမင်း



ဦးစောသန်းမြင့်



ဦးညီရန်း

**ဒေါက်တာ ဇော်ဦး**
**စီးပွားရေးပညာရှင်**

ဒီနှစ် ဆွေးနွေးပွဲမှာ နိုင်ငံတကာ ပညာရှင်တွေလာရောက်ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပါဝင်ပြီးတော့ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ အရင်တုန်းက ဆွေးနွေးခဲ့ခြင်းမရှိတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ထည့်သွင်းဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ အဓိကက နိုင်ငံတကာမှာ ပိုပြီး ရှေ့တန်းကို ရောက်ရှိလာတဲ့ ပထဝီစီးပွားရေးအကြောင်းအရာတွေ ဖြစ်ပါတယ်။ အရင်က ပထဝီနိုင်ငံရေးကြောင့် ပဋိပက္ခတွေဖြစ်ကြတယ်။ အခုကာလမှာတော့ ပထဝီစီးပွားရေးကို ဖော်ဆောင်ရင်း ပဋိပက္ခတွေကို ကျော်လွန်ပြီးတော့ ငြိမ်းချမ်းရေး ရရှိလာကြတဲ့ သာဓကတွေလည်း ရှိလာပါတယ်။ ပြည်တွင်းပဋိပက္ခတွေရှိတဲ့ နိုင်ငံတော်တော်များများမှာ ပထဝီစီးပွားရေး အခွင့်အလမ်းတွေပေါ်လာတာကြောင့် ငြိမ်းချမ်းရေးရ ရှိလာကြတယ်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေး ရရှိဖို့ပထဝီစီးပွားရေး အခွင့်အလမ်းတွေ ဘာတွေရှိနေသလဲ၊ ဒီအခွင့်အလမ်းတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းပြီးဘယ်လိုဆောင်ရွက်မလဲဆိုတာ ဆွေးနွေးကြမယ်။

ဆွေးနွေးပွဲ ဒုတိယနေ့နဲ့ တတိယနေ့မှာက ပထမနေ့ ဆွေးနွေးထားတဲ့ နိုင်ငံတကာက တင်ပြချက်တွေ၊ အကြံပြုချက်တွေကို အခြေခံပြီး တက်ရောက်လာတဲ့ ငြိမ်းချမ်းရေးမှာ ပါဝင်ခဲ့သူတွေရဲ့သုံးသပ်မှုတွေနဲ့ ပေါင်းစပ်ပြီး ရှေ့ကို ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဖော်ထုတ်သွားဖို့လည်း ရှိပါတယ်။

ဆွေးနွေးမှုတွေကနေ အနာဂတ်အတွက်ပေါ်ထွက်လာမယ့် အကြံပြုချက်တွေကို ဖော်ထုတ်ပြီး ပေါ်ပေါက်လာမယ့် အစိုးရအသစ်ဆက်လက် ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာ လက်တွေ့ ဆောင်ရွက်လို့ရမယ့် အရာတွေကို အကြံပြုနိုင်တဲ့အထိ အခု ဆွေးနွေးပွဲကနေ ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာ အောင်မြတ်ဦး**
**ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

ငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကိစ္စတွေက အစပျိုးလုပ်ဆောင်ရတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒီထဲမှာ နိုင်ငံရေးညှိနှိုင်းမှုတွေ၊ အသွင်ကူးပြောင်းတဲ့ကိစ္စတွေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေ၊ တိုင်းရင်းသားရေးရာတွေ အစရှိတာတွေကို တွဲပြီး ဆောင်ရွက်သွားရတာ ဖြစ်ပါတယ်။ အစပျိုးဖြစ်တဲ့ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းအတွက် NCA နဲ့စပြီး NCA ကို လက်မှတ် ရေးထိုးကြတယ်၊ ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် လျှောက်ခဲ့ကြတယ်။

အခုနိုင်ငံရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ အရေးကြီး လုပ်ဆောင်ရမယ့် အနေအထားဖြစ်ပါတယ်။ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလုပ်ဆောင်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လို့မရဘူး ဖြစ်နေတယ်။ အခုရရှိထားတဲ့ NCA ဆိုတာ လွယ်လွယ်နဲ့ဖြစ်လာတာမဟုတ်ပါဘူး။ နှစ်တွေအကြာကြီး ကြိုးစား တည်ဆောက်လာခဲ့ရတာပါ။ ဒီအပေါ်မှ အခြေပြုပြီး NCA ပိုပြီး ကျယ်ပြန့်လာအောင်၊ ပစ်ခတ်တိုက်ခိုက်မှုတွေ ပိုပြီးရပ်စဲလာအောင် ဒီလိုမျိုးအခမ်းအနားတွေ လုပ်ဆောင်ပေးတာဖြစ်ပါတယ်။

ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမယ့်နိုင်ငံရေး အခင်းအကျင်းကို အများကြီး မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ ဒီနေ့ ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသွားမယ့် အခန်းကဏ္ဍတွေ ရှိပါတယ်။ အသွင်ပြောင်းလဲရေး တစ်ခုကို လုပ်ဆောင်တဲ့နေရာမှာ ပဋိပက္ခတွေနဲ့လုပ်ဆောင်မလား၊ နိုင်ငံရေးဆွေးနွေးမှုတွေနဲ့ လုပ်ဆောင်မလားဆိုတာ အရေးကြီးပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ညှိနှိုင်းဆွေးနွေးပွဲတွေနဲ့သွားတဲ့ လမ်းကြောင်းကို ရွေးချယ်ကြပါလို့ တိုက်တွန်း ပြောကြားချင်ပါတယ်။

**ဦးခေါ်တိန့်**
**အတွင်းရေးမှူး၊**
**ဒီမိုကရေစီပါတီသစ် (ကချင်)**

(၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကဏ္ဍစုံ၊ နယ်ပယ်စုံကပုဂ္ဂိုလ်တွေ စုံစုံလင်လင်တက်ရောက်ကြတဲ့အတွက် ဒီနေ့အခမ်းအနားက ထူးခြားပါတယ်။ နိုင်ငံ ငြိမ်းချမ်းပြီး သာယာဝပြောဖို့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို ရှေးရှုပြီး ရွေးကောက်ပွဲကျင်းပသွားမယ်လို့ ပြောကြားသွားတဲ့အတွက် ကျွန်တော်တို့ ပြည်သူလူထုအားလုံး အားတက်ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့က ရွေးကောက်ပွဲအကြိုမှာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အရေးကြီးပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ကြိုးစားရမယ်။ နှစ်ကာလကြာမြင့်စွာ တည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ငြိမ်းချမ်းဖို့က ပြည်သူတွေအားလုံး လိုလားတောင့်တနေတာပါ။ အမြန်ဆုံးငြိမ်းချမ်းချင်ကြတယ်။ အမြန်ဆုံးတိုင်းပြည်သာယာဝပြော စေချင်တယ်။ ဒါကြောင့် ရွေးကောက်ပွဲ အလွန်ကာလမှာ ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်အတွက် အကောင်းဆုံး အထောက်အကူပြုနိုင်အောင် အခုလို နိုင်ငံရေးနည်းနဲ့ ဆွေးနွေး အဖြေရှာကြတာဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း**
**လွှတ်တော် ကိုယ်စားလှယ်ဟောင်း**

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားဆိုတာ အလွန်အရေးကြီးပါတယ်။ ကျွန်မတို့စိတ်လှုပ်ရှားတာက ဘယ်တိုင်းရင်းသားတွေ တက်ကြမလဲဆိုတာပါ။ ပြည်ပပညာရှင်တွေလည်း တက်ရောက်ပြီး ဆွေးနွေးသွားတာရှိတယ်။ NCA စာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ အချက်အလက်တွေကို ဆက်လက်အကောင်အထည်ဖော်ပေးဖို့က အရေးကြီးပါတယ်။ မကြာခင်မှာ လွှတ်တော်တွေပေါ်လာတော့မယ်။ လွှတ်တော်ကနေ NCA မှာ လက်မှတ်ထိုးထားတဲ့ကိစ္စတွေ အကောင်အထည်ဖော်နိုင်ဖို့ကို တိုက်တွန်းပေးဖို့လိုအပ်ပါတယ်။

ဒါမှသာ (၁၁) နှစ်မြောက်၊ (၁၂) နှစ်မြောက်ဆိုတဲ့ ကာလတွေမှာ မပါသေးတဲ့ တိုင်းရင်းသားတွေ ပါလာမယ်လို့ ကျွန်မထင်ပါတယ်။ NCA အခမ်းအနားကနေ ရလဒ်တွေ ထွက်လာမယ်။ Outcome တွေကို လက်တွေ့အကောင်အထည်ဖော်ပေးမှသာ နောင်ကျင်းပမယ့်ပွဲတွေမှာ ဒီထက်ပိုပြီး တိုင်းရင်းသားတွေရဲ့ ယုံကြည်မှုရရှိနိုင်မှာဖြစ်တယ်။ ယုံကြည်မှုတည်ဆောက်ခြင်း ဆိုတာ အင်မတန် အရေးကြီးတယ်။

ကျွန်မတို့လည်း မျှော်လင့်ထားတယ်။ ရွေးကောက်ပွဲပြီးလို့ အရပ်သားအစိုးရတစ်ရပ် ထွက်ပေါ်လာမယ်ဆိုရင် တိုင်းရင်းသားတွေနဲ့ အဆင်ပြေတဲ့ NCA ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုအခမ်းအနားကြီးတွေ၊ ပွဲကြီးတွေလုပ်ရုံနဲ့ ငြိမ်းချမ်းရေး မဟုတ်ပါဘူး။ တကယ့်ငြိမ်းချမ်းရေးဆိုတာ ပြည်သူလူထုရဲ့နေ့စဉ်ဘဝမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တာပဲဖြစ်တယ်လို့ နိုင်ငံတော်အကြီးအကဲကလည်း ပြောသွားပါတယ်။ ဒါကအမှန်ဆုံးစကားပါ။ ကျွန်မတို့ရဲ့ ရင်ထဲကိုရောက်ခဲ့တယ်။

အခမ်းအနားကြီးတွေ ကျင်းပတာထက် ပြည်သူလူထုရဲ့ မျက်ရည်သုတ် ပေးနိုင်မယ့် ပြည်သူလူထုရဲ့ ဒုက္ခတွေကို

စာမျက်နှာ ၁၂ သို့ ❖

❖ စာမျက်နှာ ၁၁ မှ

၁၀၀ ရာခိုင်နှုန်း မဟုတ်ရင်တောင် အပိုင်းအစလေး တစ်စလောက် ကယ်တင်ပေးနိုင်တဲ့ အကောင်အထည်ဖော်မှုတွေ ဖြစ်လာစေချင်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့ ရလဒ်က ပြည်သူလူထုအတွက် မျက်ရည်သုတ်ပေးနိုင်တဲ့၊ ပြည်သူလူထုရဲ့ ဒုက္ခတစ်ပိုင်းတစ်စကို ကယ်ပေးနိုင်တဲ့ Outcome တွေဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

ဒီလို ဖြစ်ပေါ်လာနိုင်အောင် ကျွန်မတို့ ဆွေးနွေးပါမယ်လို့ ပြည်သူလူထုကို ပြောချင်တယ်။ တကယ်လက်တွေ့ မြေပြင်အခြေအနေမှာ ပြည်သူလူထုတွေက တကယ်ဖြစ်စေချင်တဲ့ အရာတွေကို ဆွေးနွေးချင်တယ်။ ဟန်ပြဆွေးနွေးတာမျိုးကို မလုပ်ချင်ဘူး။ နိုင်ငံ့ခေါင်းဆောင်တွေကို အမှန်တကယ်ပြည်သူလူထုက ဖြစ်နေတာကို သိစေချင်တယ်။ ပြည်သူလူထုရဲ့ ကိုယ်စားတက်လာရတာ ဖြစ်တဲ့အတွက် ပြည်သူတွေ တကယ် ခံစားနေတာတွေကို ဆွေးနွေးချင်တယ်။ ကိန်းဂဏန်းတွေနဲ့ ပြည်သူအတွက် အကျိုးမဖြစ်တဲ့ ကိစ္စတွေကို မဆွေးနွေးစေချင်ဘူး။ ဒီပွဲကနေ ပြည်သူတွေအတွက် အကျိုးကျေးဇူးဖြစ်လာနိုင်တဲ့ရလဒ်တွေ ထွက်လာနိုင်ဖို့၊ အမှန်တကယ် အဖြေထွက်လာနိုင်အောင် ဆွေးနွေးနိုင်တဲ့ပွဲတစ်ခု ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးစောသန်းမြင့်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ငြိမ်းချမ်းရေးက အဓိက အလိုအပ်ဆုံးအရာပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနဲ့ နိုင်ငံသားအားလုံးကို ဆိုလိုခြင်းဖြစ်ပြီး အားလုံးက ငြိမ်းချမ်းချင်ကြပါတယ်။ ကျွန်တော်တို့ပါတီတွေက ပိုပြီးငြိမ်းချမ်းချင်ပါတယ်။ ကျွန်တော်တို့ ပါတီတွေက ပြည်သူလူထုကို တစ်ဆင့်တာဝန်ခံပေးရတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံငြိမ်းချမ်းမှုဖြစ်မယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းက ငြိမ်းချမ်းရေးကို အထူးလိုလားတဲ့အတွက် တက်ရောက်လာခြင်းဖြစ်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲကနေ ပိုမိုကောင်းမွန်တဲ့ငြိမ်းချမ်းရေး ဆွေးနွေးပွဲရလဒ်တွေ အများကြီးထွက်ရှိလာမယ်လို့ ယုံကြည်မိတဲ့အတွက်ကြောင့် ဒီနေ့ အခမ်းအနားကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးကို ဘယ်လိုရှုထောင့်ကနေ ကူညီထောက်ပံ့ အကြံပြုရမလဲဆိုတာကို အဓိကထားပြီး တက်ရောက်လာခြင်း ဖြစ်ပါတယ်။

**ဦးညီရန်း (ဆက်ဆံရေးတာဝန်ခံ) “ဝ” ပြည် သွေးစည်းညီညွတ်ရေး ပါတီ(UWSP)**

ကျွန်တော် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို တက်ရောက်ရခြင်းက ငြိမ်းချမ်းရေးကို တန်ဖိုးထားတဲ့အနေနဲ့ တက်ရောက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ “ဝ” အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးရယူထားတာ နှစ်ပေါင်း ၄၀ နီးနီးလောက်ရှိပြီ ဖြစ်ပါတယ်။ ဒီနေ့ အခမ်းအနားကြီးကနေ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးမျှော်လင့်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ လုပ်ဆောင်ချက်တွေကို အားပေးတဲ့အတွက် ဒီအခမ်းအနားကို ပါဝင်တက်ရောက်လာခြင်း ဖြစ်ပါတယ်။

**သတင်းအဖွဲ့**

# ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်)ထပ်မံဖွင့်လှစ် ကျောင်းအပ်နှံမှုများဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင် လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း (နောင်ပိန်)ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၅၈၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၆၃၆ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၉၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာတစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းတုန်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်အား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မင်းတုန်း အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၉ နာရီခွဲက ကိုင်းငယ်ကျေးရွာအုပ်စု ပုသိမ်-မုံရွာကားလမ်းဘေးရှိ MD POWER စက်သုံးဆီဆိုင်အား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မီးဘေးလုံခြုံရေးစစ်ဆေးခဲ့ရာတွင် စက်သုံးဆီဆိုင်များ၌ ထားရှိသည့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများဖြစ်သော အပေါ့စားမီးသတ်စက်၊ မီးသတ်ပိုက်လိပ်၊ ရေပိုက်ခေါင်း၊ မီးသတ်ဆေးဘူးများနှင့် အုတ်ရေလှောင်ကန်များ ကောင်းမွန်ခြင်း ရှိ၊ မရှိ အသင့်အနေထားဖြစ်စေရေး စစ်ဆေးခြင်းနှင့် ဆီဆိုင်ဝန်ထမ်းများ မီးသတ်ပစ္စည်းကိရိယာများအား စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး လက်တွေ့လေ့ကျင့်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာခရိုင်တွင် ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ထုတ်လုပ်နိုင်မည်**

ဦးစွာ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးလွင်က သက်ဆိုင်ရာမှ တာဝန်ရှိသူများ အတူတကွ ပူးပေါင်းဆောင်ရွက်ပါက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သော သီးနှံများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဒေါက်တာခင်မာလာမြင့်က အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ် နှိမ်နင်းနည်းများ၊ ဒေါက်တာဝင်းသန်းက သီးနှံရောဂါများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ် နှိမ်နင်းနည်းများ၊ ဒေါက်တာ ခင်အေးပွင့်ခိုင်က သီးနှံဖျက် ပေါင်းပင်များအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ် နှိမ်နင်းနည်းများ၊ ဒေါက်တာရီရီချိုက ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဒေါ်သင်းသင်းချိုက မြေဆီလွှာစီမံခန့်ခွဲမှု နည်းလမ်းများနှင့် ဓာတ်မြေဩဇာစနစ်တကျအသုံးပြုနည်းများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက



သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးစာအုပ်များနှင့် စာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကိုတောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးနှင့် ပိုးသတ်ဆေးကင်းစင်ပြီး အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေး ထုတ်ကုန်များ ထွက်ပေါ်လာစေရန်၊ အကျိုးအမြတ်ပိုမိုရရှိစေရေးရည်ရွယ်၍ ကျင်းပရာ ဆွေးနွေးပွဲသို့ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး ဝန်ထမ်းများ၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့မှ စိုက်ပျိုးရေး တောင်သူများ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ရောင်းချသည့် လုပ်ငန်းရှင်များ စုစုပေါင်း ၂၈၂ ဦး တက်ရောက်ခဲ့ပြီး ၎င်းဆွေးနွေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အနုသုခုမယဉ်ကျေးမှုနှင့်အတူ စိတ်ဓာတ်ယဉ်ကျေးမှုလည်း တည်ဆောက်ကြစို့ရဲ့

ခင်သန်းမြင့်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်မှာ အောက်တိုဘာလ ၇ ရက်နေ့က စတင်ကျင်းပခဲ့တာမှာ အခုပြီးစီးသွားလို့ ဆုချီးမြှင့်ပွဲအခမ်းအနားတောင် ကျင်းပပြီးစီးသွားပါပြီ။

**ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသ**

ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း"** ထည့်သွင်း ပြောကြားသွားခဲ့ပါတယ်။

ဒါ့အပြင် **"မျက်မှောက်ကာလတိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင် ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့၏အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း"** ပြောကြားသွားခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ မြွက်ကြားမှုတွေဟာ ယနေ့ကမ္ဘာ့အခြေအနေအရ အင်မတန်မှ လျော်ညီသင့်မြတ်မှုရှိပါပေတယ်။ ယနေ့ကမ္ဘာမှာ အင်အားကြီးနိုင်ငံအချို့က သူတို့ရဲ့ ယဉ်ကျေးမှုကို Soft Power အဖြစ် အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေအပေါ် ယဉ်ကျေးမှုအရ လွှမ်းမိုးမှုရှိလာအောင် တွင်တွင်ကျယ်ကျယ် တင်သွင်းလုပ်ဆောင်နေပါတယ်။ ဒီလုပ်ရပ်တွေက အခုမှမဟုတ်ပါဘူး။ စစ်အေးခေတ်ကာလကတည်းကပါ။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာတဲ့ ယနေ့မျက်မှောက်ကာလမှာတော့ ယဉ်ကျေးမှုလွှမ်းမိုးမှုအန္တရာယ်အပြင် ဒြပ်ရှိ၊ ဒြပ်မဲ့ကိုယ်ပိုင် ယဉ်ကျေးမှုအမွေအနှစ်တွေအပေါ် ပုံတူကူးချခြင်း၊ ကိုယ်ပိုင်ယောင်ယောင် ဖန်တီးလုပ်ဆောင်လာကြခြင်းတို့ကြောင့် နိုင်ငံအများအပြားဟာ ကိုယ့်ရဲ့ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကို အဖွဲ့ကြီးမှာ သူထက်ငါ ဦးအောင်စာရင်းသွင်းလျက်ရှိပါတယ်။

ဒါကြောင့်မို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားတဲ့ နိုင်ငံတော်အစိုးရအဆက်ဆက်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးခဲ့ရာမှာ ယခု (၂၆)ကြိမ် ပြီးမြောက်ခဲ့ပါပြီ။

"လက်ရှိအင်တာနက်လိုင်းပေါ်က ဟီရိုဩတ္တပ္ပတရားကင်းမဲ့မှုတွေ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာတွေ၊ သိမ်ဖျင်းတဲ့ သမ္ဖပ္ပလာပတွေအပေါ် လူအချို့ရဲ့ နှစ်ခြိုက်အားပေးမှုတွေ၊ လူအချို့ရဲ့ စိတ်ဓာတ်ယဉ်ကျေးမှု ချို့ယွင်းပျက်ပြားပြီး ရက်စက်ကြမ်းကြုတ်၊ ရိုင်းပျမှုတွေကို တွေ့မြင်ရတာကြောင့် စိတ်ဓာတ်ယဉ်ကျေးမှုတည်ဆောက်ဖို့ ပိုလိုအပ်"



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ၌ အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

**ဆုံးမသွန်သင်လမ်းပြပေးဖို့လိုအပ်**

မြန်မာတို့ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားယဉ်ကျေးမှုလက္ခဏာတွေကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးဆိုတဲ့ ကောင်းမြတ်တဲ့ဦးတည်ချက်၊ ရည်ရွယ်ချက်တွေနဲ့အညီ နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသလို တစ်ခါက ကမ္ဘာမှာ ဂုဏ်သတင်းမွှေးပျံ့သင်းကြိုင်ခဲ့တဲ့ မြန်မာတို့ရဲ့ဖော်ရွေမှု၊ ရိုးသားဖြောင့်မတ်မှု၊ သနားကြင်နာမှု၊ ရိုင်းပင်းကူညီမှု၊ အလှူအတန်းရက်ရောမှု၊ ဘာသာတရားကိုင်းရှိုင်းမှုစတဲ့ မြန်မာ့စိတ်ရင်းစေတနာလို့ဆိုရမယ့် စိတ်ဓာတ်ယဉ်ကျေးမှုတွေကိုလည်း သားစဉ်မြေးဆက်မပျောက်ပျက်အောင် မိဘ၊ ဆရာသမားတို့က ရင်အုပ်မကွာ ဆုံးမသွန်သင်လမ်းပြပေးဖို့ လိုအပ်ပါတယ်။

လက်ရှိအင်တာနက်လိုင်းပေါ်က ဟီရိုဩတ္တပ္ပတရားကင်းမဲ့မှုတွေ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာတွေ၊ သိမ်ဖျင်းတဲ့ သမ္ဖပ္ပလာပတွေအပေါ် လူအချို့ရဲ့ နှစ်ခြိုက်အားပေးမှုတွေ၊ လူအချို့ရဲ့ စိတ်ဓာတ်ယဉ်ကျေးမှုချို့ယွင်းပျက်ပြားပြီး ရက်စက်ကြမ်းကြုတ်၊ ရိုင်းပျမှုတွေကို တွေ့မြင်ရတာကြောင့် စိတ်ဓာတ်ယဉ်ကျေးမှုတည်ဆောက်ဖို့ ပိုလိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

မြန်မာတို့ရဲ့စိတ်ဓာတ်ယဉ်ကျေးမှု၊ တစ်နည်းအားဖြင့် မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုကတော့ ဗုဒ္ဓဘာသာထွန်းကားစည်ပင်တဲ့ တိုင်းနိုင်ငံပီပီ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့ ကင်းလွတ်တယ်ရယ်လို့ မရှိပါဘူး။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ့လူနေမှုစနစ်မှာ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ်ဟာ အဓိကအခန်းကဏ္ဍက ပါဝင်နေတယ်လို့ ပညာရှင်ကြီးတွေက ဆိုကြပါတယ်။

လူ့လောကကြီးအတွက် အခြေခံတရားသုံးပါးဖြစ်တဲ့ လူမိုက်နဲ့မပေါင်းသင်းဖို့၊ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ဖို့၊ ပူဇော်ထိုက်သူကို ပူဇော်ဖို့။ လူ့ကျင့်ဝတ်အရ မိဘကို လုပ်ကျွေးမွေးမြူဖို့၊ သားမယားကို ချီးမြှောက်ထောက်ပံ့ဖို့၊ ဆွေမျိုးတွေကို ပေးကမ်းထောက်ပံ့ဖို့၊ မကောင်းမှု မှန်သမျှကို ရှောင်ကြဉ်ဖို့၊ တွေ့ကြုံလာရင်လည်း မလွန်ကျူးမိအောင်စောင့်စည်းဖို့၊ မူးယစ်အရက်သေစာ မသောက်စားဖို့၊ အသက်ဂုဏ် သိက္ခာကြီးသူ၊ ရှိသေထိုက်သူကို ရှိသေလေးစားဖို့၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဖို့၊ ရောင့်ရဲလွယ်ဖို့၊ ပြောဆိုဆုံးမလွယ်သူဖြစ်ဖို့၊ သည်းခံခွင့်လွှတ်တတ်သူဖြစ်ဖို့ သူ့ကျေးဇူးကို သိတတ်ဖို့ စတဲ့ လောကီ၊ လောကုတ္တရာနှစ်ထွေ နှစ်ဝလိုက်နာကျင့်သုံးအပ်တဲ့ ၃၈ ဖြာ မင်္ဂလာတရားတွေကို မြန်မာ့ဓလေ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာကောင်းတွေအဖြစ် မြန်မာ့လူ့ဘောင်မှာ ယနေ့တိုင် ဘိုးစဉ်ဘောင်ဆက် လိုက်နာကျင့်သုံးလျက်ရှိပါတယ်။

"မြန်မာတို့ရဲ့အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားယဉ်ကျေးမှုလက္ခဏာတွေကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးဆိုတဲ့ ကောင်းမြတ်တဲ့ဦးတည်ချက်၊ ရည်ရွယ်ချက်တွေနဲ့အညီ နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသလို တစ်ခါက ကမ္ဘာမှာ ဂုဏ်သတင်းမွှေးပျံ့သင်းကြိုင်ခဲ့တဲ့ မြန်မာတို့ရဲ့ဖော်ရွေမှု၊ ရိုးသားဖြောင့်မတ်မှု၊ သနားကြင်နာမှု၊ ရိုင်းပင်းကူညီမှု၊ အလှူအတန်းရက်ရောမှု၊ ဘာသာတရားကိုင်းရှိုင်းမှုစတဲ့ မြန်မာ့စိတ်ရင်းစေတနာလို့ဆိုရမယ့် စိတ်ဓာတ်ယဉ်ကျေးမှုတွေကိုလည်း သားစဉ်မြေးဆက်မပျောက်ပျက်အောင် မိဘ၊ ဆရာသမားတို့က ရင်အုပ်မကွာ ဆုံးမသွန်သင်လမ်းပြပေးဖို့လိုအပ်"

**မိဘဝတ္တရားငါးပါး**

ဒါ့အပြင် မြတ်စွာဘုရားရှင်က ရာဇဂြိုဟ်မြို့သား သိင်္ဂါလသတို့သားအား ဟောကြားတော်မူခဲ့တဲ့ မိဘနဲ့သားသမီးဆက်ဆံရေးမှာ မိဘများဘက်က ထားရှိရမယ့် **"မကောင်းမှုကို တားမြစ်ခြင်း၊ ကောင်းမှုကို အားပေးညွှန်ပြခြင်း၊ ငယ်ရွယ်စဉ်မှာ ပညာသင်ကြားပေးခြင်း၊ သင့်လျော်သော အိမ်ထောင်ချပေးခြင်း၊ သင့်လျော်သောအချိန်မှာ အမွေပစ္စည်းလွှဲအပ်ပေးခြင်း"**ဆိုတဲ့ မိဘဝတ္တရားငါးပါး။

ထို့အတူ **"ကျွေးမွေးပြုစုခြင်း၊ အမှုကိစ္စများဆောင်ရွက်ပေးခြင်း၊ အမျိုးအနွယ်ကို စောင့်ထိန်းခြင်း၊ အမွေပစ္စည်းများကို ဆက်ခံစောင့်ရှောက်ခြင်း၊ ကွယ်လွန်လေပြီးသော မိဘများအတွက် ကောင်းမှုပြု၍ အမျှပေးဝေခြင်းဆိုတဲ့"**ဆိုတဲ့ သားသမီးများဘက်ကလည်း မိဘများအပေါ်ထားရှိရမယ့် ဝတ္တရားငါးပါး။

ဆရာနဲ့တပည့် အပြန်အလှန်ဆက်ဆံရေးဖြစ်တဲ့ **"အနေအထိုင်တတ်အောင်ဆုံးမခြင်း၊ ပညာတတ်အောင် သင်ကြားပေးခြင်း၊ မိမိတတ်သမျှ မချွင်းမချန်သင်ပေးခြင်း၊ မိတ်ဆွေအလုပ်ရှင်များထံ အပ်နှံပေးခြင်း၊ ဘေးအန္တရာယ်ကြုံသောအခါ ကာကွယ်ပေးခြင်း"** ဆိုတဲ့ ဆရာ့ဝတ္တရားငါးပါး။

"ထကြွလို့လရှိခြင်း၊ ဆိုဆုံးမမှုအပေါ် ရိုသေစွာနာယူခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ခြေဆုပ်လက်နယ်ပြုစုလုပ်ကျွေးခြင်း၊ ပညာကိုလေးစားစွာ သင်အံလေ့ကျင့်သင်ယူခြင်း" ဆိုတဲ့ တပည့်ဝတ္တရားငါးပါး။

"ချစ်ခင်မြတ်နိုးခြင်း၊ မခန့်လေးစားမပြုခြင်း၊ အငယ်အနှောင်းမထားခြင်း၊ စည်းစိမ်ဥစ္စာအပ်နှံခြင်း၊ ဝတ်စားတန်ဆာဆင်ယင်ခြင်း" ဆိုတဲ့ လင့်ဝတ္တရားငါးပါး။

"အိမ်တွင်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မှီခိုသူများကို ထောက်ပံ့ကျွေးမွေးခြင်း၊ အငယ်အနှောင်းမထားခြင်း၊ ရှိပြီးဥစ္စာကို စနစ်တကျထိန်းသိမ်းခြင်း၊ လုပ်ငန်းကိစ္စဟူသမျှ၌ ကျွမ်းကျင်ခြင်း" ဆိုတဲ့ မယားဝတ္တရားငါးပါး။ "လုပ်သားကို ခွန်အားနှင့်တန်ရုံသာခိုင်းစေခြင်း၊ လုပ်ခရိက္ခာပေးခြင်း၊ ထိခိုက်ဖျားနာသော် ဆေးကုပေးခြင်း၊ စားကောင်းသောက်ဖွယ်ဝေငှခြင်း၊ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း"ဆိုတဲ့ အလုပ်ရှင်ရဲ့ တာဝန်ဝတ္တရားငါးရပ်။

"အိပ်ရာမှစောစောထခြင်း၊ နောက်ကျမှ အိပ်ရာဝင်ခြင်း၊ ခိုးဝှက်မှုမပြုခြင်း၊ အလုပ်ကောင်းကောင်းလုပ်ခြင်း၊ အလုပ်ရှင်ရဲ့ဂုဏ်ကျေးဇူးကို ထုတ်ဖော်မြွက်ကြားခြင်း" ဆိုတဲ့ အလုပ်သမားတို့ဘက်က တာဝန်ဝတ္တရားငါးပါး။

**"ထောက်ပံ့ပေးကမ်းခြင်း၊ ချိုချိုသာသာပြောဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့်တန်းတူထားခြင်း၊ စကားသစ္စာတည်ကြည်ခြင်း"**ဆိုတဲ့ မိတ်ဆွေအချင်းချင်း ဆောင်ရွက်ရန် တာဝန်ငါးရပ်။

စတဲ့မြတ်ဗုဒ္ဓရဲ့ လူမှုရေးတရားတော်တွေဟာလည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအဖြစ် ယနေ့တိုင်အမြစ်တွယ်တည်ရှိနေဆဲပါ။

ခေတ်ကာလမရွေး လောကီ၊ လောကုတ္တရာကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်ရုံမက လောကလူ့ဘောင်ကို အပြန်အလှန်ထိန်းကျောင်းပေးလျက်ရှိတဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေကို မြန်မာ့လူ့ဘောင်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့ကြတာဟာ ယနေ့တိုင်ပါပဲ။ ဒီလို မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအဖြစ် ဖြစ်တည်လာခဲ့တဲ့ ကောင်းမြတ်တဲ့ ဓလေ့ထုံးစံတွေ မကွယ်ပ၊ မပျောက်ပျက်အောင် အားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရမှာဖြစ်ပါတယ်။

မြန်မာ့စိတ်ရင်းအမှန်ဖြစ်တဲ့ စိတ်ဓာတ်ယဉ်ကျေးမှုစံနှုန်းတွေ တည်ရှိနေသမျှ မြန်မာတို့ရဲ့ ဂုဏ်သိက္ခာနဲ့ ဝိသေသလက္ခဏာတွေဟာလည်း ကမ္ဘာ့အလယ်မှာ ထင်ရှားကျော်စော ပျံ့နှံ့နေဦးမှာ ဖြစ်ပါတယ်။ ။

"လက်ရှိအင်တာနက်လိုင်းပေါ်က ဟီရိုဩတ္တပ္ပတရားကင်းမဲ့မှုတွေ၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ဖရုသဝါစာတွေ၊ သိမ်ဖျင်းတဲ့ သမ္ဖပ္ပလာပတွေအပေါ် လူအချို့ရဲ့ နှစ်ခြိုက်အားပေးမှုတွေ၊ လူအချို့ရဲ့ စိတ်ဓာတ်ယဉ်ကျေးမှု ချို့ယွင်းပျက်ပြားပြီး ရက်စက်ကြမ်းကြုတ်၊ ရိုင်းပျမှုတွေကို တွေ့မြင်ရတာကြောင့် စိတ်ဓာတ်ယဉ်ကျေးမှုတည်ဆောက်ဖို့ ပိုလိုအပ်"

# စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို

**ရန်ကုန် အောက်တိုဘာ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် ဇနီးတို့သည် ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို လေ့လာကြသည်။

ဦးစွာ ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ကြည်ညိုကြပြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြောက်ဘက် မုခ်အနီး အောက်ပစ္စယာ သိင်္ဂုတ္တရ ဥယျာဉ်တော် ရှင်ဥပဂုတ္တမဏ်လာကန်တော်အတွင်းရှိ ငါးများကို ငါးစာ ကျွေး၍ ကုသိုလ်ပြုကြသည်။



ထို့အတူ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Vyacheslav KALGANOV နှင့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည့် ရုရှား-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများ ပြသထားမှုကို လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးနှင့် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကဗျာလွတ်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေး ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ က သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင် ပန်းခြင်း ပေးအပ်သည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးသို့ ရောက်ရှိပြီး ကော်မတီ ရုံး၌ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် စီးပွားရေး ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်ကို လည်းကောင်း၊ ကျောက်တန်းမြို့ ဆေးဘိုဝကျေးရွာရှိ ချစ်ခြင်းမေတ္တာ ပရဟိတဂေဟာကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမှ ထောပတ်သီးများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ထောပတ်သီး စိုက်ပျိုးသူများ၊ ထောပတ်သီး တင်ပို့သူ လုပ်ငန်းရှင်များနှင့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် တောင်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက မြန်မာနိုင်ငံမှ ထောပတ်သီးများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင် တင်ပို့ ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) နှင့် ဆက်သွယ်ဆောင်ရွက်မှုများ အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ GACC မှ ထောပတ်သီးစိုက်ပျိုး၊ ခူးဆွတ်၊ ထုပ်ပိုးခြင်းနှင့် တင်ပို့သည့် လုပ်ငန်းစဉ်များအား နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လာရောက်စစ်ဆေးခြင်းနှင့် အဝေးရောက် ဗီဒီယိုဖြင့် စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ထောပတ်သီး စိုက်ပျိုးသည့်ခြံများ၊ တင်ပို့သည့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ သတ်မှတ်ထားသော ထိန်းချုပ်ပိုးမွှားများအား အမျိုးအစားခွဲခြားခြင်းနှင့် ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ပညာရှင်များက လိုအပ်သည်များကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)** ■



# မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေး

**မကွေး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့မြို့နယ်အတွင်းရှိစက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မီးသတ် တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်၂၀ အား မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC) အမြန်ဆုံးရရှိရေး ဆောင်ရွက်သွားရန်၊ မီးဘေးလုံခြုံရေး တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများအဆင်သင့်ဖြစ်စေရေး စီမံဆောင်ရွက်ထားရန်၊ ရေရှိရေးစီမံ ဆောင်ရွက်ထားရန်၊ စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ လက်တွေ့ကိုင်တွယ် အသုံးပြုတတ်စေရေးအတွက် ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန်တို့ကို စစ်ဆေး ဆောင်ရွက်ကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ကျောင်းသား ကျောင်းသူများ ဗဟုသုတ၊ ဖလင်္ဂါးတန်ဖွံ့ဖြိုးစေခြင်း၊ တစ်ဦး နှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးကာ အသိပညာချင်း ဖလှယ်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ အားကောင်းလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသော လူငယ်စကားဝိုင်း ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီ ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဇော်က လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ) က စာဖတ်ခြင်း၏ အကျိုးရလဒ်များကို လည်းကောင်း၊ စာရေးဆရာ ဦးစိုးမိုးသိန်း (လှိုင်သာယာ)က အနာဂတ်ကမ္ဘာနှင့် လူငယ်များ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး စာရေးဆရာများက ကျောင်းစာကြည့်တိုက်အတွက် စာအုပ် စာစောင်များကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။



အဆိုပါ လူငယ်စကားဝိုင်းကို ဒုတိယ ဦးစီးမှူး ဒေါ်ဝေလွင်လွင်ကျော်က စတင်ဆွေးနွေးရာ G -10 မှကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်ကောင်းထက်ဦးက လူငယ်နှင့်အားကစား၊ မပန်းအိမွန်က လူငယ်နှင့်ယဉ်ကျေးမှု၊ မငြိမ်းငြိမ်းသူက လူငယ်နှင့်စည်းကမ်း၊ မောင်ပြည့်သူထွန်းက လူငယ်နှင့်စာပေ၊ မအေးငြိမ်းသူက လူငယ်နှင့် ကျန်းမာရေး၊ မနွယ်နွယ်စိုးက လူငယ်နှင့် နည်းပညာစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြပြီး လူငယ်ဆိုင်ရာ နံရံကပ်စာစောင်များ ပြသခြင်းနှင့် ဗဟုသုတရရှိစေမည့် စာအုပ် စာစောင်များကို ပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# TNLA အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များအား မီးရှို့ထွက်ပြေး



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အကျဉ်းဦးစီးဌာန မီးလောင်နေမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါဟိုတယ် မီးလောင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် မြို့/ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့အား ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ ကျောက်မဲမြို့အား အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများက အတူတကွပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် ယင်းဒေသတစ်ဝိုက်ကိုလည်း ခေတ္တစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သီပေါမြို့နှင့် ယင်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် သီပေါမြို့အဝင် Toll Gate သို့ ရောက်ရှိစဉ် မြို့တွင်းမှ မီးခိုးလုံးများတွေ့ရှိသဖြင့် မြို့တွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများဖြစ်သည့် အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာစွာ မီးရှို့ထွက်ပြေးသွားကြောင်း သိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေးအတွက် မီးငြိမ်းသတ်နိုင်ရေးနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## နမ့်စန်မြို့၌ ကျောင်းသားကျောင်းသူများအား ဆုံဆို့မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**နမ့်စန် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ အသက်ငါးနှစ်မှ ခုနစ်နှစ် KG ကျောင်းသားကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေး (DT) နှင့် အသက်ကိုးနှစ်၊ ၁၀ နှစ် မိန်းကလေးကျောင်းသူများကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) စတင်ထိုးနှံခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (မြို့ဦး) ပညာရတနာခန်းမတွင် ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်က ကျောင်းသားကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT)နှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးရခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အထက–ခွဲ(မြို့ဦး)ရှိ KG ကျောင်းသားကျောင်းသူ ၈၄ ဦးအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်၊ ၁၀ နှစ်အရွယ် ကျောင်းသူ ၄၄ ဦးကို သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အထက–ခွဲ(မြို့ဦး)ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရီမြင့်နှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်းသိရသည်။ **သူရအောင်(နမ့်စန်)**

## ချောင်းဆုံမြို့နယ် ကဒါကျေးရွာ လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ နေ့စဉ်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်း၊ တံတားများတည်ဆောက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၅ ရက်က မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလှမျိုးဝင်၊ မော်လမြိုင်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နေခြည်ဦးနှင့် တာဝန်ရှိသူများက ကဒါကျေးရွာ လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် မော်လမြိုင်ခရိုင်အတွင်း ပြည်နယ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကဒါကျေးရွာ၊ ရပ်ကွက်(၁၀) နှင့် (၁၁)ကြား လမ်းအကျယ် ၃ ဒသမ ၆၆ မီတာရရှိရန်အတွက် တစ်ဖက်လျှင် သုည ဒသမ ၃ မီတာ လမ်းချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ရေဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်

**ရေဖြူ အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် မိုးရာသီ မိုးစပါးပန်းတိုင်စံပြစိုက်ကွက်နှင့် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းက နိုင်ငံတော်အနေဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ထောက်ပံ့ပေးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရေးနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ မိုးစပါးပန်းတိုင်စံပြစိုက်ကွက်နှင့် ဆောင်းသီးနှံစိုက်ပျိုးသည့်တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် တာဝန်ရှိသူများက တောင်သူများထံသို့ ယူရီးယားဓာတ်မြေဩဇာများပေးအပ်ကာ ရေဖြူမြို့နယ်အတွင်းရှိ မိုးရာသီ မိုးစပါးပန်းတိုင်စံပြစိုက်ကွက်နှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းထံမှ သိရသည်။

**ရေဖြူ(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာကို (၂၄-၁၀-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက် (တနင်္လာ)နေ့ "ဒီပါဝလီနေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များ အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညောင်ဦးမြို့၌ ဆေးလိပ်ငွေ့ကင်းစင်ရေးအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၆**

ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင် ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကား ပြောကြားသည်။



ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ဆေးလိပ်သောက်ခွင့်ပြုသော နေရာများကိုလည်း စနစ်တကျထားရှိပြီး လမ်းညွှန်များမြင်သာစွာထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရွှေစင်ထိုက်က ဆေးလိပ်ငွေ့ကင်းစင်ရေး ရေရှည်တည်တံ့စွာထိန်းသိမ်းမည့်အစီအစဉ်များနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာလှမျိုးနိုင်က ဆေးလိပ်သောက်သုံးခြင်းကြောင့် ဘေးထွက်ဆိုးကျိုးနှင့် ဆေးလိပ်အန္တရာယ်၊ စီးကရက်တစ်လိပ်တွင်ပါရှိသည့် ဓာတုပစ္စည်းများ၊ ဆေးရွက်ကြီးနှင့် ဗာဂျီးနီးယားဆေးရွက်အန္တရာယ်တို့ကို Power Point ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

## မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအား စစ်ဆေး

**မကွေး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝမ်ချိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဟိန်းထက်အောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဝမ်ချိုင်းအသေးစားစက်မှုလက်မှုလုပ်ငန်းတွင် မီးချိတ်၊ မီးကပ်၊ သံအိတ်၊ ရေလှောင်ကန်များ ဆောင်ရွက်ထားရှိခြင်း၊ မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲနေမှု အခြေအနေများ၊ မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ဆေးဘူးများ ထားရှိ အသုံးပြုတတ်စေရေး၊ မီးစနစ်တကျ ဂရုပြုသုံးစွဲရေး၊ အမှိုက်နှင့် လောင်စာများအား စနစ်တကျ စွန့်ပစ်ရေးတို့ကို စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကေသရာဇာ ခန်းမတွင် ယမန်နေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကိုကိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာမ မြမဉ္ဇူဝေ (ကျုံမငေး)က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းခဲ့ရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**သက်မင်းဟန်(ပြန်/ဆက်)**



## သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေး မူဒုံမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်



**မူဒုံ အောက်တိုဘာ ၁၆**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၁၄ ရက်က မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် အဖွဲ့သည် ဘဲရမ်းကျေးရွာရှိ သမဝါယမအသင်းလီမိတက် အသင်းပိုင်မြေနေရာတွင် ရာမညဖွံ့ဖြိုးတိုးတက်ရေး၊ ဆောက်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အအေးခန်းစက်ရုံများနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်မှုအခြေအနေများ၊ မြို့မ(၁)ရပ်ကွက် ရေစင်အနီးအတွင်း မြို့နယ်သမဝါယမအသင်းစုမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပညာရေးဝန်ဆောင်မှု လုပ်ငန်း ပုဂ္ဂလိကစာသင်ကျောင်း မြေနေရာ ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တည်ဆောက်ရေး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး လိုအပ်ချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

## ဆေးလိပ်ငွေ့ကင်းစင်သော ငွေဆောင်ကမ်းခြေဒေသဖော်ဆောင်နိုင်ရေး အသိပေးဆွေးနွေးပွဲ ပုသိမ်မြို့တွင်ပြုလုပ်

**ပုသိမ် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆေးလိပ်ငွေ့ကင်းစင်သော ငွေဆောင်ကမ်းခြေဒေသ ဖော်ဆောင်နိုင်ရေး အသိပေး ဆွေးနွေးပွဲကို ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ ပုသိမ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမြင့်သူက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး(ပြည်သူ့ကျန်းမာ)မှ ငွေဆောင် ကမ်းခြေဒေသအား Smoke-free Tourism နယ်မြေဖြစ်အောင် ဖော်ဆောင်ရန်နှင့် ASEAN Smoke Free Award ရရှိနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသူများက ဆေးလိပ်ငွေ့ ကင်းစင်သော ငွေဆောင် ကမ်းခြေဒေသ ဖော်ဆောင်နိုင်ရေး အတွက် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဇုန်ရှိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

**(ဂိုးမရှိ)သရေ**

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ (ဂိုးမရှိ)သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။



အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အဖြစ် အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၇ ရက် ပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **MNL ယူ-၂၁ မှ**

ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူပြီး ဒဂုံစတားယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ထိပ်ဆုံးနေရာ လွဲပြောင်း ရယူနိုင်ခဲ့သည်။ ထို့ကြောင့် အား/ကာသိပ္ပံအသင်းသည် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲအဖြစ် ဒဂုံစတားအသင်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်ပြီး သရေကစားနိုင်ရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၇ မိနစ်တွင် ဝင်းမင်းသူ၊ ၂၉ မိနစ်တွင် ကောင်းခန့်ကျော်၊ ၉၀+၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်ထူးဆန်းတို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၃၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မောင်တော့ပ်၊ ၄၁ မိနစ်တွင် အာရွှယ်တို့က သွင်းယူသည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ဂိုးများ ပြန်ပေးရကာ သရေကျခဲ့ပြီး ယခုပွဲသရေရလဒ်ကြောင့် ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသလို နောက်ဆုံးပွဲတွင် အား/ကာသိပ္ပံအသင်းကို အနိုင်ကစားနိုင်မှသာ ချန်ပီယံဆု ရယူနိုင်မည်ဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများကို ခြောက်မိနစ်တွင် အောင်ခန့်ကျော်၊ ၁၆ မိနစ်တွင် စောအာကာလူးတို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၅+၄ မိနစ်တွင် ခွန်ရဲဇော်၊ ၆၅ မိနစ်တွင် ဒဂုံစတား အသင်းမှ မျိုးမင်းသူ ကိုယ့်ဂိုးကိုယ် သွင်းမိ၍ တစ်ဂိုး ပြန်လည်ရရှိသည်။ ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ချန်ပီယံဆုအတွက် ၅၇ မှတ်ရထားသည့် အား/ကာသိပ္ပံအသင်းနှင့် ၅၆ မှတ်ရထားသည့် ဒဂုံစတားယူနိုက်တက်အသင်းတို့ အပြိုင်ဖြစ်နေပြီး အောက်တိုဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ အဆုံးအဖြတ်ပွဲကစားရမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် မူလရေးဆွဲထားသည့် ပွဲစဉ်အရ ယခုတစ်ပတ် ပွဲစဉ် (၂၅)တွင် ကစားရမည်ဖြစ်သော်လည်း မြန်မာနေရှင်နယ်လိဂ်က ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် ပွဲစဉ် (၂၅) နှင့် (၂၆) ကို အပြောင်းအလဲပြုလုပ်ကြောင်း အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂၅) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရတနာပုံအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MNL**

✪ **ကျောဖုံးမှ**

လက်ရှိအချိန်မှာ စီရိုနယ်လ်ဒိုက ကမ္ဘာ့ဖလားခြေစစ်ပွဲ ဂိုးသွင်း အများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ထားပြီး စီရိုနယ်လ်ဒိုရဲ့ အဓိကပြိုင်ဘက် အာဂျင်တီးနားအသင်းတိုက်စစ်မှူး လီယွန်နယ် မက်ဆီက ကမ္ဘာ့ဖလားခြေစစ်ပွဲ သွင်းဂိုး ၃၆ ဂိုးနဲ့ တတိယဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

အဲဒီနောက်မှာ အီရန်တိုက်စစ်မှူး အလီဒေးက ကမ္ဘာ့ဖလားခြေစစ်ပွဲ သွင်းဂိုး ၃၅ ဂိုးနဲ့ စတုတ္ထ၊ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးက ၃၂ ဂိုးနဲ့ ပဉ္စမ အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

အသက် ၄၀ အရွယ်ရှိ တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ဟန်ဂေရီ အသင်းနဲ့ ပွဲစဉ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးနှစ်ဂိုးအပါအဝင် ပေါ်တူဂီနိုင်ငံ လက်ရွေးစင်အသင်းအတွက် နိုင်ငံတကာသွင်းဂိုး ၁၄၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ကစားသမားဘဝတစ်လျှောက် နိုင်ငံနဲ့ ကလပ်အတွက် သွင်းဂိုး စုစုပေါင်း ၉၄၈ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။ **ငွေကြယ်**

## သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သထုံ အောက်တိုဘာ ၁၆**

မွန်ပြည်နယ် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက သထုံမြို့ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဘောလုံးအားကစားအသင်းအဖွဲ့တို့က ကွင်းအတွင်း ချီတက်နေရာယူကြပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တက်ထွန်းဝင်းက အမှာစကား ပြောကြားပြီး အားကစား အသင်းအဖွဲ့တို့က ဧည့်သည်တော်များအား ချီတက်ဂါရဝပြုကြသည်။




သထုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ ဘောလုံးအားကစားအသင်း စုစုပေါင်း ၁၄ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်



အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်ရုံ လေးရုံသို့ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ Hung Yang Leather Co.,Ltd. အိတ်ချုပ်စက်ရုံ၊ Jun Sheng Garment Co.,Ltd. အထည်ချုပ်စက်ရုံ၊ Denso Industry Yangon Co.,Ltd. ဝိုင်ယာဟားနက်(စ်)ထုတ်လုပ်ဖြန့်ဖြူးခြင်းစက်ရုံနှင့် Unity Sports Co.,Ltd. လက်အိတ်စက်ရုံ တို့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လတ်၊ ဦးစီးအရာရှိ ဦးကြည်လင်တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသူက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြစ်ကြီးနားခရိုင်ဘဏ်ခွဲမှ ၂၀၂၅ ဆောင်းရာသီစိုက်ပျိုးစရိတ်ငွေကျပ် ၁၀၃၇ သိန်း ထုတ်ချေးပေးရန် လျာထား

**မြစ်ကြီးနား အောက်တိုဘာ ၁၆**

မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်များကို အတိုးနှုန်းသက်သာစွာဖြင့် ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်ဘဏ်ခွဲအနေဖြင့်လည်း ၂၀၂၅ ဆောင်းရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ မွန်းလွဲပိုင်းမှ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ထုတ်ချေးပေး**

မြစ်ကြီးနားဘဏ်ခွဲအနေဖြင့် ချေးငွေစတင်ထုတ်ချေးပေးသည့် ပထမနေ့တွင် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နှင့် ရှဒေါင်ကျေးရွာတို့မှ တောင်သူများ၏ စိုက်ဧက ၃၀ အတွက် တစ်ဧက တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၃၀ ထုတ်ချေးပေးလျက်ရှိပြီး ဘဏ်ခွဲအနေဖြင့် ယခုနှစ် ဆောင်းရာသီတွင် စုစုပေါင်း တောင်သူ ၁၄၂ ဦးတို့၏ စိုက်ဧကပေါင်း ၁၀၃၇ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၁၀၃၇ သိန်းနှင့် ထုတ်ချေးပေးသွားရန် လျာထားကြောင်း သိရသည်။

ထို့ပြင် ခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအိုနှင့် နောင်မွန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ တောင်သူပေါင်း ၁၂၁၄ ဦးတို့၏ မိုးစပါးစိုက်ဧကပေါင်း ၄၀၇၉ ဧကအတွက် ကျပ်သိန်းပေါင်း ၆၁၁၈ သိန်းကျော် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ရှမ်းကုန်းကျေးရွာရှိ ကွင်းအမှတ် (၅၁၄-C)၊ ကွင်းအမည် (ကျောင်းကြီးတောကွင်း)၊ ဦးပိုင်အမှတ်(၁၄/၆ᵃ)၊ **မြေအမျိုးအစား(ဥယျာဉ်ခြံမြေ)** မြေလုပ်ကိုင်သူ အမည်ပေါက် (ဒေါ်ခင်စန္ဒီအောင် ပါ-၃) အမည်ပေါက် ထွက်ရှိထားသည့် ဧရိယာအကျယ်အဝန်းအားဖြင့် (၀.၁၁)ဧက အကျယ်အဝန်းအားဖြင့် အလျား (၅၀)ပေ x အနံ(၁၀၀)ပေ အကျယ်ဝန်းရှိ မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင် အပါအဝင်မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ်ပြုလုပ်သည့်အချိန်အထိ အမွေစားအမွေခံအပါအဝင် အခြားသူထံသို့ လွှဲပြောင်း ရောင်းချ၊ ပေါင်နှံပေးကမ်းထားခြင်း၊ စပ်တူဝယ်ယူထားခြင်းစသည့် အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ပြေစာ အမည်ပေါက် ပိုင်ရှင်များဖြစ်သော ဒေါ်ခင်စန္ဒီအောင်၊ ဒေါ်ခင်သန္တာအောင်၊ ဦးသန့်ထူးအောင်တို့၏ ကိုယ်စား ဝယ်ယူပေးထားသည့် မိခင်ဖြစ်သူ ဒေါ်ဝင်းသီတာ [၁၂/ရကန(နိုင်)၀၁၃၁၂၀]မှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေမင်းသူ မှ ဝယ်ယူရန်အတွက် (၁၅-၁၀-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ဝင်းခြံမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံ အပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၇)ရက်အတွင်း တိကျခိုင်မာသော မူရင်းဆက်စပ်စာရွက် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ သတ်မှတ်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားပြီး မြေအမည်ပေါက်ပြောင်းလဲခြင်း လုပ်ငန်းစဉ်ကိုပါ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၅၁၁-ခ)၊ ကွင်းအမည် (အောက်ချင်းကန်မြောက်ကွင်း)၊ ဦးပိုင်အမှတ် (N-99)၊ **မြေအမျိုးအစား(ဥယျာဉ်ခြံမြေ)** မြေလုပ်ကိုင်သူအမည်ပေါက် (ဦးညာဏ်ဝင်း) အမည်ပေါက် ထွက်ရှိထားသည့် ဧရိယာအကျယ်အဝန်းအားဖြင့် (၃.၄၅)ဧကမှ လက်ရှိရောင်းချသူဖြစ်သော ဦးရဲမင်းဌေး ဝယ်ယူထားသည့် ဧရိယာအကျယ်အဝန်းအားဖြင့် (၁.၆၀)ဧက အကျယ်အဝန်းရှိ ဧကလိုက်မြေကွက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် အကျယ်အဝန်းအားဖြင့် အလျား (၂၀)ပေ x အနံ(၆၀)ပေ အကျယ်ဝန်းရှိ မြေကွက်အမှတ် A4-(B)မြေကွက်သို့ မျက်နှာမူပါက မြေကွက်အမှတ် A3 နှင့်ကပ်လျက် ဘက် အခြမ်းမြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင် အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ် ပြုလုပ်သည့်အချိန်အထိ အမွေစားအမွေခံအပါအဝင် အခြားသူထံသို့ လွှဲပြောင်း ရောင်းချ၊ ပေါင်နှံပေးကမ်းထားခြင်း၊ စပ်တူဝယ်ယူထားခြင်းစသည့် အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ဒေါ်နှင်းဝတ်ရည် [၁၂/ဒလန(နိုင်)၀၄၃၈၄၄]မှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုသန့်ဇင်မှ ဝယ်ယူရန်အတွက် (၁-၁၀-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်ပြုလုပ် သည့် ဝင်းခြံမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံ အပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၇)ရက်အတွင်း တိကျခိုင်မာသောမူရင်း ဆက်စပ်စာရွက် စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ သတ်မှတ်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားပြီး မြေအမည်ပေါက်ပြောင်းလဲခြင်း လုပ်ငန်းစဉ်ကိုပါ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## မေတ္တာဖြင့်အပိုင်ပေးခြင်းကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကို [၁၂/ကမတ(နိုင်)၀၁၉၇၈၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၆)၊ လူနေရပ်ကွက်အမှတ်-ရွှေလင်ပန်း၊ မြေကွက်အမှတ်(၇၁၄)၊ (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀. ၀၅၅)ဧက အကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးအေးကို အမည်ပေါက်မှတ်သားတည်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားဖြစ်သူ ဦးအောင်ကျော်ဦး [၁၂/ကမတ(နိုင်)၀၁၉၇၉၁]ထံသို့ မိဘ၏ချစ်ခြင်းမေတ္တာ သက်သက်ဖြင့် အဖိုးစားနားမယူဘဲ (အခမဲ့) အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ ထိုသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးကို၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ လူနေရပ်ကွက်အမှတ် (ကံ့ကော်ရိပ်သာ-၂)၊ ကံ့ကော်ရိပ်သာ (၂) လမ်း၊ မြေကွက်အမှတ် (၁၂၂) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၈၃x၈၀) ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်ကျော်စံ [၁၃/တကန (နိုင်) ၁၅၀၁၆၇] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေး [၁၃/ကခန (နိုင်)၀၅၃၆၉၇] ကိုင်ဆောင်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## “တက္ကသိုလ်ဒီဂရီကောလိပ်အသီးသီးတွင် ဒဿနိကဗေဒဘာသာရပ်ကို သင်ယူခဲ့ကြသူများနှင့် ဒဿနိကဗေဒကို ချစ်မြတ်နိုးကြသည့် ကျောင်းသား/ကျောင်းသူဟောင်းများက ဦးစီးကျင်းပမည့် (သတ္တမအကြိမ်မြောက်) World Philosophy Day အခမ်းအနား”

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀-၁၁-၂၀၂၅ (ကြာသပတေးနေ့) |
| ကျင်းပမည့်အချိန် | - | နံနက်-၉:၀၀ နာရီမှ ၁၂:၀၀ နာရီ |
| ကျင်းပမည့်နေရာ | - | (M3-Food Centre) ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်။ |

တက္ကသိုလ်ဒီဂရီကောလိပ်အသီးသီးတွင် ဒဿနိကဗေဒဘာသာရပ်ကို သင်ယူခဲ့ကြသူများ၊ ကျောင်းသား/ကျောင်းသူ(ဟောင်း/သစ်)များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ နေရာထိုင်ခင်းစီစဉ်မှုအတွက် တက်ရောက်မည့်ပုဂ္ဂိုလ်များသည် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ (၇-၁၁-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် ပန်ကြားအပ်ပါသည်-

**ဆက်သွယ်ရန်ဖုန်း - 09-402592077, 09-5024174, 09-260594884, 09-43021687, 09-250288812**

## မေတ္တာဖြင့်အပိုင်ပေးခြင်းကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကို [၁၂/ကမတ(နိုင်)၀၁၉၇၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂၆)၊ လူနေရပ်ကွက်အမှတ်-ရွှေလင်ပန်း၊ မြေကွက်အမှတ်(၇၁၆)၊ (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးအေးကို အမည်ပေါက်မှတ်သားတည်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားဖြစ်သူ ဦးအောင်ကျော်ဦး [၁၂/ကမတ(နိုင်)၀၁၉၇၉၁] ထံသို့ မိဘ၏ချစ်ခြင်းမေတ္တာ သက်သက်ဖြင့် အဖိုးစားနားမယူဘဲ (အခမဲ့) အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ ထိုသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်း ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## မေတ္တာဖြင့်အပိုင်ပေးခြင်းကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကို [၁၂/ကမတ(နိုင်)၀၁၉၇၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ လူနေရပ်ကွက်အမှတ်-ရွှေလင်ပန်း၊ မြေကွက်အမှတ်(၇၁၇)၊ (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀. ၀၅၅)ဧကအကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးအေးကို အမည်ပေါက်မှတ်သားတည်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားဖြစ်သူ ဦးအောင်ကျော်ဦး [၁၂/ကမတ(နိုင်)၀၁၉၇၉၁]ထံသို့ မိဘ၏ချစ်ခြင်းမေတ္တာ သက်သက်ဖြင့် အဖိုးစားနားမယူဘဲ (အခမဲ့) အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်မည် ဖြစ်ပါသည်။ ထိုသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာမာ**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## မေတ္တာဖြင့်အပိုင်ပေးခြင်းကို ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကို [၁၂/ကမတ(နိုင်)၀၁၉၇၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၂၆)၊ လူနေရပ်ကွက်အမှတ်-ရွှေလင်ပန်း၊ မြေကွက်အမှတ်(၇၁၅)၊ (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးအေးကို အမည်ပေါက်မှတ်သားတည်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားဖြစ်သူ ဦးအောင်ကျော်ဦး [၁၂/ကမတ(နိုင်)၀၁၉၇၉၁]ထံသို့ မိဘ၏ ချစ်ခြင်းမေတ္တာ သက်သက်ဖြင့် အဖိုးစားနားမယူဘဲ (အခမဲ့) အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်မည်ဖြစ်ပါသည်။ ထိုသို့မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအေးကို၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**B.Econ, H.G.P, D.B.L, P.G.D.L, D.L.101,WIPO (Geneva).**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအေးစိုး၏ သား မောင်ချစ်စန်းကို [၁၂/ကမတ (နိုင်) ၀၉၂၈၈၉]၏ နိုင်ငံကူးလက်မှတ် (MG-981512)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၅၅၄၆၁၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၃၁၈၊ မြေကွက်တည်နေရာအမှတ်-၃၁၈၊ ရွှေသရဖီလမ်း၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်ခင်ကြူ AB-၀၂၄၃၄၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ခင်ကြူ၏ အမွေဆက်ခံခွင့်ရှိသူ ဒေါ်မြင့်မြင့်အေးအား တရားပြိုင်ထားကာ ဒေါ်မြင့်မြင့်သိန်းမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် ၃၅/ ၂၀၂၃ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၁၄-၁၁-၂၀၂၃ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၂/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လှဲလှဲခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၆/သမိုင်း၊ မြေကွက်အမှတ် - ၃၁/ဃ၊ ၀.၆၉ ဧကမြေကွက် တည်နေရာအမှတ် (၂၂/ဘီ)၊ မေလိခလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်မင်းမင်း) အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ ရပြီး မြေအား အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်မင်းမင်းသည် (၁၈-၆-၂၀၂၅) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးတင်ထွဋ် [၁၂/မရက(နိုင်) ၁၁၈၀၅၅]မှ တစ်ဦးတည်းသော တရားဝင် ခင်ပွန်းဖြစ်ကြောင်း ဇနီးဖြစ်သူ ဒေါ်မင်းမင်းသည် ၎င်းကွယ်လွန်ချိန်အထိ မိမိတစ်ဦးတည်းကိုသာ လက်ထပ် ပေါင်းသင်းခဲ့ကြသဖြင့် မိမိမှလွဲ၍ အခြားတရားဝင် ခင်ပွန်းမရှိသကဲ့သို့ မိမိသည်လည်း ယနေ့ထက်တိုင် နောက်အိမ်ထောင်မပြုခဲ့ပါကြောင်း ဇနီးဖြစ်သူ ဒေါ်မင်းမင်း ကျန်ရှိခဲ့သော ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် အမွေဆက်ခံခြင်း ဥပဒေအရ ခင်ပွန်းဖြစ်သူ ဦးတင်ထွဋ်သာလျှင် တစ်ဦးတည်းအမွေဆက်ခံခွင့်ရှိသူဖြစ်ပါကြောင်း အခြားသော အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၂၉-၇-၂၀၂၅) ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ ”

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေဒေါ်အိအိခိုင်[၁၂/သကတ(နိုင်)၁၆၂၄၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉/ရပ်ကွက်၊ ရတနာပုံ(၉)လမ်း၊ အမှတ်(၉၇၄/ခ)ဟုခေါ်တွင်သော (အလျား ၁၀ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိ ဒေါ်အုံးကျင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မိုးမိုးထွန်း [၁၂/သကတ(နိုင်)၁၆၄၆၉၄]ထံမှ (၁၅-၁၀-၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ် နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph: 09-420010569**

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်၊ (၇) လမ်း၊ ဘီဘလောက်၊ တိုက်(၂၁)၊ အခန်း(၂၀၂)နေ **ဦးဝင်းခိုင် [၈/တတက (နိုင်)၀၈၈၇၈၉]** သည် အောက်တွင်ဖော်ပြထားသည့် အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်-

YANGON
Tissue

မှတ်ပုံတင်စာချုပ်အမှတ်- ၄/၈၃၈၀/၂၀၂၅ (၁၉-၉-၂၀၂၅) နေ့စွဲပါ အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် တစ်ရှူးကြမ်း၊ တစ်ရှူးချော၊ တစ်ရှူးလိပ်၊ တစ်ရှူးအစုံအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုသွားမည့်အပြင် လုပ်ငန်းနှင့် ပတ်သက်သည့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ သတင်းစာကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head၊ Internet၊ Website၊ Facebook၊ Online Shop၊ Telegram၊ Tiktok အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့နှင့်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်၊ အမှတ်အသားအား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဦး (LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၀၆၄)**
**အမှတ် (၂၀၄/၃၅)၊ (၁၅) လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊**
**ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

